ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ အင်္ဂါနေ့၊ (8-11-2011) (၆၉၃၇)

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



**လက်ခံတွေ့ဆုံ**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သာသနာရေးဗျူရို ဝန်ကြီး H.E. Mr. Wang Zuo An ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီး H.E. Mr. Wang Zuo An ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော်  နိုဝင်ဘာ  ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပင့်ဆောင်လာစဉ် လိုက်ပါလာသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို ဝန်ကြီး H.E. Mr. Wang Zuo An ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုဝင်ဘာ ၆ ရက် ည ၇ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရိုဝန်ကြီးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ တက်ရောက်သည်။

**ဆွေးနွေး**

တွေ့ဆုံရာတွင် မြန်မာနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ပူဇော်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

## ယနေ့သတင်းအညွှန်း

### တစ်နိုင်ငံလုံး သဘာဝဓာတ်ငွေ့လိုအပ်ချက် နိုင်ငံတကာရေနံကုမ္ပဏီများဖြင့် အကျိုးတူလုပ်ကိုင်က ဖြည့်ဆည်းပေးမည်

"မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ"

ပြည်တွင်းသတင်း စာမျက်နှာ - ၅

### ဆင်ဟွာသတင်းဌာန တည်ထောင်သည့် နှစ်(၈၀)ပြည့်အခမ်းအနား ကျင်းပ

"၁၉၃၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ဝန်ထမ်းဦးရေ ၁၀၀၀၀ ကျော်ဖြင့် ပင်လယ်ရပ်ခြား သတင်းဌာနခွဲပေါင်း ၁၆၂ ခု ဖွင့်လှစ်ထား"

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### MTV ဥရောပတေးဂီတဆုများ လေဒီဂါဂါ၊ ဂျက်စတင်ဘီဘာ၊ ကေတီပါရီ၊ အဒီးလ်တို့ ဆွတ်ခူး

### ကိုရီးယားငွေကြေးယ်ပွင့် လီမင်ဟို နန်ကျင်း၊ ပေကျင်းမြို့များတွင် ဒီဇင်ဘာ၌ ပရိသတ်များနှင့် တွေ့ဆုံမည်

အနုပညာသတင်း စာမျက်နှာ - ၃

ကြေးမုံစာတည်းရှုထောင့်

၈-၁၁-၂၀၁၁[အင်္ဂါနေ့]။

# လိပ်ပြာတောင်ပံတစ်စုံ ရိုက်ခတ်ခြင်းမှ အစပြု၍

လိပ်ပြာတစ်ကောင် တောင်ပံရိုက်ခတ်ခြင်းမှအစပြု၍ မုန်တိုင်းကြီးတစ်စင်းဖြစ်လာရသည်ဟုဆိုလျှင် ယုံနိုင်ဖွယ်ပင်မရှိ။ သို့တိုင် အငြင်းပွားဖွယ်ဖြစ်သည့်၊ ယုံနိုင်ဖွယ်မရှိသည့်၊ အဆန်းတကြယ်လည်းဖြစ်သည့် ယင်းအဆိုအမိန့်သည် အဓိပ္ပာယ်မဲ့၊ အကြောင်းမဲ့ ဖြစ်ပေါ်လာသော စကားသက်သက်လည်းမဟုတ်ခဲ့ပါ။

၁၉၆၁ ခုနှစ်၏ ဆောင်းရက်တစ်ရက်တွင် မက်ဆာချူးဆက်နည်းပညာ အင်စတီကျူမှ သင်္ချာနှင့် မိုးလေဝသ ပညာရှင်တစ်ဦးဖြစ်သူ အက်ဒွပ်လောရင့်စ်သည် ထိုခေတ် ကွန်ပျူတာကြီးတစ်လုံးကိုအသုံးပြုကာ မိုးလေဝသ ပြောင်းလဲမှုဖြစ်စဉ်တစ်ခုကို သင်္ချာပုံစံပြု၍ လေ့လာစဉ် သူမျှော်လင့်မထားသော အဖြေတစ်ခုကို မတော်တဆ တွေ့ရှိခဲ့ရသည်။ သူ့တွေ့ရှိချက်မှာ လေထုအတွင်း အပုံတစ်သောင်းပုံလျှင် တစ်ပုံမျှသော ပြောင်းလဲမှုကလေးတစ်ခုက အစပြု၍ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲကာ ဧရာမရလဒ်ကြီးတစ်ခုကို ဖြစ်ပေါ်လာစေသည်ဟု အဓိပ္ပာယ်ရသည်။

နောက်ဆယ်နှစ်ခန့်အကြာ ၁၉၇၃ ခုနှစ်တွင် လောရင့်စ်က သူ့တွေ့ရှိချက်ကို စာတမ်းတစ်စောင်ဖြင့် တင်ပြခဲ့ရာ မေးခွန်းထုတ်မှု၊ ဝေဖန်မှုအများအပြား ပေါ်ထွက်လာခဲ့သည်။ အခြားမိုးလေဝသပညာရှင်တစ်ဦးက "ဤအဆိုသာ မှန်လျှင်ဖြင့် ပင်လယ်စင်ရော်တို့ တောင်ပံခတ်ပျံသန်းလေတိုင်း မိုးလေဝသအခြေအနေတို့ အမျိုးမျိုးပြောင်းနေပေတော့မည်"ဟု မှတ်ချက်ချခဲ့သည်။ ထိုစကားကိုပင် လောရင့်စ်က သဘောကျကာ စင်ရော်အစား ပို၍ ကဗျာဆန်စွာဖြင့် "လိပ်ပြာ"ဟူ၍ သုံးနှုန်းခဲ့သည်။ လိပ်ပြာတစ်ကောင် တောင်ပံခတ်ခြင်းမှအစပြု၍ တော်နေးဒိုး မုန်တိုင်းကြီးတစ်စင်း ဖြစ်လာရသည် (သို့မဟုတ်) ဖြစ်လာဖွယ်ရှိသည့် မုန်တိုင်းကြီးတစ်စင်း ပျက်စီးသွားခဲ့ရသည်။

သိပ္ပံပညာရှင် အက်ဒွပ်လောရင့်စ် တင်စားသုံးနှုန်းခဲ့သည့် "လိပ်ပြာတောင်ပံရလဒ်သီအိုရီ" (butterfly effect theory)သည် သင်္ချာနှင့် မိုးလေဝသ ပညာရပ်နယ်ပယ်ကို ကျော်လွန်ကာ စီးပွားရေး၊ ဘဏ္ဍာရေး၊ ကုန်ထုတ်လုပ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ဒဿနိက၊ စာပေနှင့် အနုပညာစသည့် အခြားသော နယ်ပယ်အသီးသီးကိုပါ ရိုက်ခတ်လွှမ်းမိုးခဲ့သည်။

ရုပ်တရား၊ နာမ်တရားနှင့် နိဗ္ဗာန်တို့သည် ထာဝရမှန်ကန်သော တရားများဖြစ်ကြသည်ဟု ဗုဒ္ဓမြတ်စွာက ဟောကြားတော်မူခဲ့သည်။ ရုပ်တရားတို့၏ ဖောက်ပြန်ပြောင်းလဲတတ်သော သဘောသဘာဝတို့ကိုလည်း ရှင်းလင်းဟောကြားတော်မူခဲ့သည်။

သိပ္ပံပညာကလည်း ရုပ်တရားတို့၏ ပြောင်းလဲမှုသဘာဝသည် နှစ်မျိုးရှိသည်ဟုဆိုသည်။ အဆိုပါ သဘာဝနှစ်မျိုးမှာ တစ်သမတ်တည်း ပြောင်းလဲသည့်သဘာဝနှင့် တစ်သမတ်တည်းမဟုတ်သော ပြောင်းလဲမှုသဘာဝဟူ၍ ဖြစ်သည်။ နေ့စဉ်ကြုံတွေ့နေရသည့် လက်တွေ့ဘဝနယ်ပယ်တွင်လည်း ဤကဲ့သို့သော ပြောင်းလဲခြင်းသဘာဝများကို တွေ့မြင်ရတတ်သည်။ အချို့ပြောင်းလဲမှုများကို သိမြင်ရသည်မှာ ရှင်းလင်းလွယ်ကူသော်လည်း အချို့ပြောင်းလဲမှုများမှာ ရှုပ်ထွေးနက်နဲသည်။ တစ်ခါတစ်ရံတွင် အချို့သောပြောင်းလဲမှုများသည် အထက်တွင် ဆိုခဲ့ပြီးသည့်အတိုင်း လိပ်ပြာလေးတစ်ကောင် တောင်ပံခတ်၍ မဆိုစလောက်သော လေဖိအားကလေး ပြောင်းလဲသွားရသည့်နှယ် အလွန်သိမ်မွေ့စွာဖြင့် စတင်တတ်သည်။

လူမှုရေးနယ်ပယ်အနေဖြင့် ဆိုရပါလျှင်မူ မိမိတို့ နေ့စဉ်လုပ်သမျှကိုင်သမျှ၊ ပြောသမျှဆိုသမျှ၊ တွေးသမျှကြံသမျှသော ကံသုံးပါးအပြုအမူတို့သည် ယနေ့အတွက်သက်သက်သာမဟုတ်၊ အနာဂတ်အနီးအဝေးဆီသို့တိုင် အကျိုးသက်ရောက်နိုင်သည်ဆိုသည်ကို မျက်ခြည်မပြတ်အပ်။ အဆိုပါ အကျိုးသက်ရောက်မှုသည် အလွန်တရာကြီးမားသော အခြေအနေတစ်ရပ်ဆီသို့ ရောက်ရှိနိုင်စေသလို ဖြစ်လာလတ္တံ့သော အခြေအနေတစ်ရပ်ကို နှောင့်နှေးပျက်ပြားစေတတ်သည်ဟူ၍လည်း သတိချပ်ကြပါကုန်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၈-၁၁-၂၀၁၁ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၇း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို

**ညပိုင်း**

- ၄း၀၄ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၅။ မြန်မာ့ရှုခင်း
- ၄း၃၅ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၄၅ ၇။ အင်္ဂလိပ်စာသုတ
- ၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း -၅၂)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ Guide For You
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း(အပိုင်း-၆၇)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဒို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ သီချင်းလက်ဆောင်
- ၂၂။ ဟာသရုပ်စုံ
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အမှတ်တရ နေ့ရက်လေးများ (အပိုင်း-၇)**
- ၂၅။ Mini Series

# (၈)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တက်ရောက်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ နိုဝင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့တွင် ပြန်လည်ရောက်ရှိကြသည်။

ယင်းကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးညဏ်နိုင်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် (၈)ကြိမ်မြောက် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

# စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ (၁၉၉၄-၉၅) သတ္တမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် တပင်ရွှေထီးလမ်းသွယ်(၁) အမှတ် (၄/ ၆/၁၉၅၄)၌ ကျင်းပရာ အငြိမ်းစားပါမောက္ခ ဒေါက်တာမောင်မောင်စိုးက စွမ်းဆောင်ရည်မြှင့်တင်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း **(အောက်ဓါတ်ပုံ)**၊ ဦးဝင်းဇော်ထွဋ်က မြန်မာ့စီးပွားရေးသုံးသပ်ချက် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးသိန်းမြင့်ဝေက AFTA to AEC & Economic Challenges to Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

**ကျင်းပမည်**

ဆွေးနွေးပွဲကို အပတ်စဉ်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၈၅၀ | ၀. ၀၃၂၅၉ |
| တရုတ် (ယွမ်) | ၆. ၃၅၃၀၀ | ၀. ၁၅၇၄၁ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၁၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၂၂၅၀ | ၀. ၃၂၀၂၆ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၀၅၄ | ၀. ၀၇၈၇၀၇ |
| ဂျပန် (ယန်း) | ၇၈. ၀၅၂၂ | ၀. ၀၁၂၈၁ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၉. ၈၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၆၆၈ | ၁. ၃၇၆၁၂ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၂၉၆ | ၁. ၆၀၅၂၄ |

အင်တာနက်။

# ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၇**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ တောင်ပိုင်း၌ နိုဝင်ဘာ ၃ ရက် နံနက် ၀၀ နာရီ မိနစ် ၃၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားရာ အိမ်ခြေ ၉၂ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၁၀၄ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။

မီးလောင်ကျွမ်းမှုမှာ ပုစွန်ခြောက်လုပ်ရန် မီးမွှေးရာမှ မီးလောင်မှုဖြစ်ပွားခြင်းဖြစ်သဖြင့် ပေါ့ဆမီးကြောင့် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

**အများဆုံး**

နှစ်စဉ် မီးလောင်ကျွမ်းမှုများတွင် ပေါ့ဆမှုကြောင့် လောင်သော မီးလောင်မှုဖြစ်စဉ်များမှာ အများဆုံးဖြစ်သည်။ လူတစ်ဦးတစ်ယောက်၊ လူနည်းစု၏ ပေါ့ဆမှုကြောင့် လူပေါင်းများစွာ ဒုက္ခရောက်ရသည်။

မီးလောင်မှုဖြစ်ပွားပါက ကုန်းကောက်စရာ မကျန်အောင် ဆုံးရှုံးရသည်ဖြစ်ရာ နှစ်စဉ်ဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြီး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လမ်းအလိုက်၊ ရပ်ကွက်၊ ကျေးရွာအလိုက်၊ မြို့နယ်အလိုက် ဆောင်ရွက်ထားကြပါရန် သတိပေးနှိုးဆော်လိုက်ရပါသည်။

(သတင်းစဉ်)

# မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့် သတိပြုဖွယ်မီးဘေးအန္တရာယ်

**ရန်ကုန် နိုဝင်ဘာ ၇**

ယခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် မီးသတိမူရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လူတိုင်းအလေးထားဆောင်ရွက်သင့်ပေသည်။ မီးလောင်မှုဖြစ်ပွားရာတွင် ပေါ့ဆမှုကြောင့် ဖြစ်ပွားသော မီးလောင်မှုမှာ အများဆုံးဖြစ်ပြီး လျှပ်စစ်မီးသုံးစွဲရာတွင် မဆင်မခြင် သတိမေ့လျော့မှုကြောင့် ဖြစ်ပွားသော မီးလောင်မှုမှာ ဒုတိယအများဆုံးဖြစ်သည်ကို တွေ့ရသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေ အကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသခြင်းများအပြင် ကျေးရွာများအထိ မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှု စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသော်လည်း လိုက်နာမှုအားနည်းနေသေးခြင်းကြောင့် မီးလောင်မှုများဖြစ်ပွားနေကြောင်း တွေ့ရှိရသည်ဟု မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သို့ဖြစ်ပေရာ နိုင်ငံတစ်ဝန်းလုံးတွင် မီးလောင်မှုကြောင့် လူတို့၏ အသက်၊ အိုးအိမ်စည်းစိမ်များ၊ နိုင်ငံပိုင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးကြရသဖြင့် လူတိုင်းလူတိုင်း မီးဘေးအန္တရာယ်ကို မပေါ့မဆဘဲ သတိရှိရှိ ကြိုတင်ကာကွယ်ကြရန်လိုကြောင်း နှိုးဆော်ရေးသားလိုက်ရပါသည်။

(နွဲ့နွဲ့ကြည်-သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အင်ဒိုနီးရှားနှင့် အမေရိကန်ပြည်ထောင်စုတို့သို့ အစည်းအဝေးများတက်ရောက်ရန် ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ၏ (၈)ကြိမ်မြောက် ရင်းနှီးမြှုပ်နှံသူများဆိုင်ရာ ဆွေးနွေးပွဲနှင့် နိုဝင်ဘာ ၁၀ ရက်တွင် အမေရိကန်ပြည်ထောင်စု ဟိုနိုလူလူမြို့၌ ကျင်းပမည့် အမေရိကန်ပြည်ထောင်စုနှင့် အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါသွားကြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# GAP စနစ်ဖြင့်စိုက်ပျိုး ရတနာတိုး ၁၀၈ တင်းထွက်ရှိ

**ရေစကြို နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဝါယာ-သာစည် လျှပ်စစ်မြစ်ရေတင် ရေသောက်ဧရိယာအတွင်း၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ သိပ္ပံနည်းကျစိုက်ပျိုးစနစ် (GAP)ဖြင့် တောင်သူပညာပေးစံပြစိုက်ကွင်းအတွင်း စိုက်ပျိုးထားသော ရတနာတိုး စပါးမျိုး ၁၀ ဧက စိုက်ကွင်းမှ ကွင်းအမှတ် (၉၈)၊ ဦးပိုင်အမှတ် (၃၈/၂-က) တောင်သူ ဦးတိုး၏ ရတနာတိုးစပါးမျိုး ၁ ဒသမ ၅၂ ဧကတွင် နိုဝင်ဘာ ၂ ရက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိန်မောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးချစ်ဆွေနှင့် ဝန်ထမ်းများ၊ လျှပ်စစ်မြစ်ရေတင်မှ ဦးစီးအရာရှိ ဦးမြင့်ဦးတို့သည် မိုးစပါးအထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းကြရာ စပါးအခြောက် တစ်ဧက ၁၀၈ တင်းထွက်ရှိသည်။

အဆိုပါ အထွက်ကောင်းမျိုး ရတနာတိုး စပါးမျိုးသည် ရေစကြိုမြို့နယ်တွင် ပထမဆုံး စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ (၃၇၄)

# တောင်ကြီးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေး

**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ တောင်ကြီးမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လတ်က အမှာစကားပြောကြားပြီး မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီဥက္ကဋ္ဌအပါအဝင် အမှုဆောင် ၁၁ ဦးတို့၏ ခန့်အပ်လွှာကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဗဟိုအမှုဆောင် စည်းရုံးရေးမှူး ဒေါ်ထားက ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဆောက်လုပ်ရေးဒုတိယဝန်ကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အောက်မြန်မာပြည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် နိုဝင်ဘာ ၃ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အောက်မြန်မာပြည် အင်ဂျင်နီယာမှူးကြီး (စက်မှု)ရုံး၊ ယန္တရားတပ်ခွဲ (တောင်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာမှူးကြီး (စက်မှု)ရုံး အစည်းအဝေးခန်းမ၌ အင်ဂျင်နီယာမှူးကြီး(စက်မှု) နှင့် တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ ဘဏ္ဍာရေးနှစ်အတွင်း ပြင်ဆင်ရမည့် စက်ယန္တရားများအား အကောင်းဆုံးဖြစ်အောင် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ရန်၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ထူးချွန်၍ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသော ဝန်ထမ်းများ၊ ပေးအပ်သော တာဝန်များကို ကျေပွန်စွာကြိုးစားဆောင်ရွက်သည့် ဝန်ထမ်းများအား လစ်လပ်သောနေရာများ၌ ခန့်ထားရေး၊ ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ စည်းလုံးညီညွတ်စွာ တာဝန်ထမ်းဆောင်ရေးတို့ကို မှာကြားပြီး စက်ယာဉ်ယန္တရားများ စမ်းသပ်မောင်းနှင်ခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# စုပေါင်းဘုံကထိန်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ Three Friends Construction Co.,Ltd ဝန်ထမ်းမိသားစုများ၊ လုပ်သားအဖွဲ့များ၊ ပစ္စည်းပေးသွင်းသူများ၏ စုပေါင်းမဟာဘုံကထိန် တတိယအကြိမ် လှူဒါန်းပွဲကို နိုဝင်ဘာ ၅ ရက်က သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာ ဝိဝေကာရာမမေ့ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နံနက်ပိုင်းတွင် ပဒေသာပင်ကားများသည် ကုမ္ပဏီရုံးချုပ်မှ စတင်ထွက်ခွာပြီး ဝိဝေကာရာမမေ့ရိပ်သာကျောင်းတိုက်ဆရာတော်နှင့် ပင့်သံဃာ အပါး ၄၀ ကျော်တို့အား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြောင်း သိရှိရသည်။ (ကြေးမုံ)



နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

# လေဒီဂါဂါ၊ ဂျက်စတင်ဘီဘာ၊ ကေတီပါရီ၊ အဒီးလ် MTV ဥရောပတေးဂီတဆုများဆွတ်ခူး

**အိုင်ယာလန်နိုင်ငံတောင်ပိုင်း ဘဲလ်ဖတ်မြို့တွင် တနင်္ဂနွေညက ကျင်းပခဲ့သည့် MTV ဥရောပတေးဂီတဆုပေးပွဲတွင် အမေရိကန် ပေါ့ပ်အဆိုကျော် လေဒီဂါဂါက အကောင်းဆုံးအမျိုးသမီးတေးဂီတဆု၊ ပရိသတ်အများဆုံးအဆိုတော်ဆုနှင့် ၎င်း၏ နာမည်ကျော်လူကြိုက်များခဲ့သော Born This Way တေးသီချင်းဖြင့် အကောင်းဆုံးတေးသီချင်းဆုများကို ဆွတ်ခူးရရှိသွားသည်။**

ကနေဒါပေါ့ပ်စတား ဂျော်ဘီ**(ဝဲပုံ)**က လည်း အဆိုပါဂီတဆုပေးပွဲသို့ ၎င်း၏ ချစ်သူ ဆီလီနာဂိုမက်ဇ်နှင့်အတူ တက်ရောက်လာခဲ့ပြီး အကောင်းဆုံးအမျိုးသားတေးဂီတဆုနှင့် အကောင်းဆုံးပေါ့ပ်အဆိုတော်ဆုများကို ဆွတ်ခူးရရှိသွားသည်။

Firework တေးသီချင်းအဆိုတော် ကေတီပါရီက အကောင်းဆုံးဖျော်ဖြေမှုဆုကို ဆွတ်ခူးရရှိသွားသကဲ့သို့ ဗြိတိသျှအဆိုတော် အဒီးလ်ကလည်း အကောင်းဆုံး ယူကေနှင့်အိုင်ယာလန် အနုပညာဆုကို ဆွတ်ခူးရရှိသွားသည်။

ထို့ပြင် ကမ္ဘာကျော် ဟစ်ဟော့ပ်အဆိုတော် အမ်မီနမ်က အကောင်းဆုံး ဟစ်ဟော့ပ်အဆိုတော်ဆုနှင့် Linkin Park က အကောင်းဆုံး ရော့ခ်အဆိုတော်ဆုများကို ဆွတ်ခူးရရှိသွားကြပြီး ယင်းဆုပေးပွဲသို့ ဘရူနိုမားစ်၊ LMFAO၊ ဆီလီနာဂိုမက်ဇ်နှင့် ဂျက်စီဂျေတို့လည်း တက်ရောက်ဖျော်ဖြေခဲ့ကြသည်။

***အင်တာနက်။***



# ဒီဇင်ဘာတွင် တရုတ်ပရိသတ်များနှင့် တွေ့ဆုံသည့် လီမင်ဟို

**အာရှတစ်လွှားတွင် နာမည်ကျော်ရေပန်းစားလူကြိုက်များနေသည့် ကိုရီးယားငွေကြယ်ပွင့် လီမင်ဟိုသည် လာမည့်ဒီဇင်ဘာလ အစောပိုင်းတွင် တရုတ်နိုင်ငံမှ ၎င်း၏ပရိသတ်များနှင့် တွေ့ဆုံပွဲများပြုလုပ်သွားမည်ဖြစ်ကြောင်း လီမင်ဟို၏ အေဂျင်စီမှ ထုတ်ပြန်ကြေညာသည်။**

လီမင်ဟို၏ အနုပညာရေးရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက လီမင်ဟို၏ တရုတ်နိုင်ငံတွင် ပရိသတ်များနှင့် တွေ့ဆုံမည့်ခရီးစဉ်ကို လာမည့် ဒီဇင်ဘာ ၁ ရက်တွင် ရှန်ဟိုင်းနိုင်ငံတကာ အားကစားလေ့ကျင့်ရေးဗဟိုဌာနတွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် နန်ကျင်း၊ ပေကျင်းမြို့များတွင် ပြုလုပ်မည့် တွေ့ဆုံပွဲများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လီမင်ဟို၏ တရုတ်ပရိသတ်များနှင့် တွေ့ဆုံမည့်ခရီးစဉ်ကို မူလက ယခုအစီအစဉ်ထက် ပိုမိုစော၍ သတ်မှတ်ထားသော်လည်း ခရီးစဉ်နှင့် ပတ်သက်၍ ပြင်ဆင်စရာကိစ္စများအတွက် အချိန်လိုအပ်ခြင်းကြောင့် ဒီဇင်ဘာလထိ နောက်ကျသွားရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့ပြင် လီမင်ဟို **(ယာပုံ)**သည် တရုတ်ဖျော်ဖြေရေးအေဂျင်စီ Huayi Brothers မီဒီယာဂရု(ပ်)နှင့်လည်း အနုပညာလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်ရန် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

လီမင်ဟိုသည် ၂၀၀၆ ခုနှစ်မှစ၍ ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ကေဘီအက်စ်ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော Boys Over Flowers ရုပ်သံဇာတ်လမ်းတွဲမှစ၍ ကိုရီးယားပြင်ပ အာရှတစ်ဝန်းသို့ပါ နာမည်ကျော်လူကြိုက်များခဲ့သည်။

မကြာသေးမီက လီမင်ဟိုခေါင်းဆောင်ပါဝင်သရုပ်ဆောင်ထားပြီး အက်စ်ဘီအက်စ် ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသခဲ့သော City Hunter အက်ရှင်ရုပ်သံဇာတ်လမ်းတွဲမှာ အမေရိကန်၊ ဟောင်ကောင်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သို့ ရောင်းချခဲ့ရသည်အထိ အောင်မြင်မှုရရှိခဲ့သည်။

***အင်တာနက်။***

အေ ဝမ်း စိုး

# အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများလူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကကြီးမှူး၍ အခြေခံအမျိုးသမီးဝတ်စုံ စက်ချုပ်သင်တန်း အမှတ်စဉ်(၅/၂၀၁၁)ကို နိုဝင်ဘာ ၁၄ ရက်မှ စတင်၍ နှစ်လကြာ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းမကြီး (စံပယ်လမ်းနှင့်အောင်သပြေလမ်းကြား) တိုက်အမှတ် (P) အခန်းအမှတ် (၀၀၅) ငါးလွှာ၌ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသူဦးရေ ၂၀ သာ လက်ခံမည်ဖြစ်ပြီး သင်တန်းလျှောက်လွှာများကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စက်ရုံလမ်း အမှတ် (၁၀၁) KSS နတ်သုဒ္ဓါဒံပေါက်ဆိုင်၌ ရယူကာ နိုဝင်ဘာ ၁၃ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း - ၂၀၃၂၈၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

# မိုးကောင်းမြို့နယ်၌ ရထားလမ်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရ တာဝန်ရှိသူများက အမြန်ပြန်လည်ပြင်ဆင်ပြီးစီးခဲ့သဖြင့် ရထားများပုံမှန်ပြေးဆွဲလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

နိုဝင်ဘာ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုးပူးဘူတာနှင့် ဆားမော်ဘူတာကြား၌ ရထားသံလမ်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခံရကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ မိုင်တိုင်အမှတ် (၆၇၈/၁)နှင့် (၆၇၈/၂)ကြား၌ သံလမ်း တစ်ပေခန့်ပြတ်နေပြီး မိုင်တိုင်အမှတ်(၆၇၈/၂)၌ တစ်ပေခွဲခန့် ပြတ်တောက်ပျက်စီးနေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ မြန်မာ့မီးရထား တိုင်း(၁)မှ တာဝန်ရှိသူများက ပြန်လည်ပြင်ဆင်ခဲ့ပြီး နံနက် ၇ နာရီခွဲခန့်တွင် ရထားလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ရထားများပုံမှန်သွားလာလျက်ရှိကြောင်း သိရှိရသည်။

ကချင်ပြည်နယ်ရှိ ပြည်သူများအနေဖြင့် လူအများ သေကျေဒဏ်ရာရနိုင်သည့် ယခုကဲ့သို့ ရထားလမ်း မိုင်းထောင်ခြင်း၊ ပြည်သူအများသွားလာသည့်လူသွားလမ်း၊ ကားလမ်းတွင် မိုင်းထောင်ခြင်း၊ လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဆက်ကြေးကောက်ခံခြင်းစသည့် အကြမ်းဖက်အဖျက် လုပ်ရပ်များ ကင်းရှင်းပြီး နိုင်ငံတစ်ဝန်းရှိ အခြားဒေသများနည်းတူ ရပ်ရွာအေးချမ်းသာယာမှုကို လိုလားကြကြောင်းနှင့် နယ်မြေအတွင်းရှိ လက်နက်ကိုင်အဖွဲ့များအား နိုင်ငံတော်အစိုးရနှင့် ငြိမ်းချမ်းရေးဖော်ဆောင်စေလိုပြီး ထာဝရငြိမ်းချမ်းရေးကို လိုလားလျက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သောင်းကျန်းသူအဖွဲ့ တစ်ဖွဲ့က လင်းခေးမြို့နယ်အတွင်းရှိ ဥယျာဉ်ခြံမြေမှ အလုပ်သမားလေးဦးအား ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၇**

စိုင်းမှူးဦးစီးအင်အား ခြောက်ဦးပါဝင်သော သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့သည် ဆက်ကြေးငွေကောက်ခံရန်အတွက် နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဒါးဆိပ်ကျေးရွာအုပ်စုသို့ဝင်ရောက်လာခဲ့ပြီး လုံးတန်ရွာဟောင်းရှိ လုံးနန္ဒာပိုင်ခြံမြေ၌ နေ့စားအလုပ် လုပ်ကိုင်ကြသည့် အလုပ်သမားလေးဦးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

# လက်နက်တိုက်များမှ နျူကလီးယားလက်နက်များကို ကာကွယ်ရန် အင်အား ၈၀၀၀ ပြည့်တင်း၍ ပါကစ္စတန်စစ်ဘက်လေ့ကျင့်နေ

အစ္စလာမ္မာဘတ်  နိုဝင်ဘာ ၇

**ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားလက်နက်တိုက်ကို ကာကွယ်ရေးအတွက် ပါကစ္စတန်စစ်ဘက်က အင်အား ၈၀၀၀ ထပ်မံဖြည့်ဆည်းကာ လေ့ကျင့်ပေးလျက်ရှိကြောင်း နိုဝင်ဘာ ၇ ရက် သတင်းများတွင် ဖော်ပြထားသည်။**

အနောက်အုပ်စုနှင့် စစ်ပွဲဆင်နွှဲလျက်ရှိသော အစ္စလာမ္မစ်စစ်သွေးကြွများက ပါကစ္စတန်၏ နျူကလီးယားလက်နက်တိုက်ကို ထိုးဖောက်ဝင်ရောက်၍ လက်နက်များ ကြားဖြတ်ရယူမည့် အန္တရာယ်အား အမေရိကန်ပြည်ထောင်စုက စိုးရိမ်လျက်ရှိသည်။

စုံစမ်းထောက်လှမ်းမှုများမှ လွတ်ကင်းရန်အတွက် ပါကစ္စတန်နိုင်ငံသည် ၎င်းနျူကလီးယားလက်နက်အစိတ်အပိုင်းများအား လုံခြုံရေးအစီအမံ မဖြစ်စလောက်ဖြင့် ကုန်တင်ယာဉ်များသုံးကာ လျှို့ဝှက်ရွှေ့ပြောင်းခဲ့ကြောင်း အမေရိကန်ထုတ်မဂ္ဂဇင်းများက ရေးသားဖော်ပြခဲ့ခြင်းကြောင့် ပါကစ္စတန်၏ နျူလက်နက်များ လုံခြုံရေးနှင့်ပတ်သက်၍ ပိုမိုစိုးရိမ်ဖွယ်ရာ ဖြစ်ခဲ့ရသည်ဟု သတင်းများတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံသည် ၎င်း၏ နျူကလီးယားလက်နက်များဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ ယင်းလက်နက်များ၏ လုံခြုံရေးနှင့်ပတ်သက်သော အချက်အလက်များအား လူသိရှင်ကြား ထုတ်ပြန်ခဲလှသည်။

နျူကလီးယားလက်နက်တိုက်ကို ကာကွယ်ရန် လူအင်အား ၈၀၀၀ ထပ်မံဖြည့်တင်း၍ လေ့ကျင့်ပေးလျက်ရှိကြောင်း ပါကစ္စတန်စစ်ဘက်က ထုတ်ပြန်ကြေညာခဲ့ခြင်းသည် အမေရိကန်မဂ္ဂဇင်းများ၌ ဖော်ပြခဲ့သည့် သတင်းဆောင်းပါးအား တုံ့ပြန်ချက်အဖြစ် ယူဆနိုင်သည်။

နျူကလီးယားလက်နက်များအား လုံခြုံရေးမဖြစ်စလောက်ဖြင့် လျှို့ဝှက်ရွှေ့ပြောင်းနေသည်ဆိုသည့် အမေရိကန်ထုတ်မဂ္ဂဇင်းများပါ သတင်းမှာ မဟုတ်မှန်ကြောင်း ပါကစ္စတန်နိုင်ငံက ငြင်းဆန်ထားသည်။

**အင်တာနက်။**



## ဆင်ဟွာသတင်းဌာန တည်ထောင်သည့် နှစ် (၈၀)ပြည့်အခမ်းအနား ကျင်းပ

**ပေကျင်း  နိုဝင်ဘာ ၇**

ဆင်ဟွာသတင်းဌာန တည်ထောင်သည့် နှစ် (၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။

ပေကျင်းမြို့ ပြည်သူ့မဟာခန်းမကြီး၌ ကျင်းပသော အဆိုပါ အခမ်းအနားသို့ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါ်လစ်ဗျူရိုအမြဲတမ်းအဖွဲ့ဝင် လီချန်ချွန်းတက်ရောက်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ဌာနချုပ် တည်ရှိသည့် ဆင်ဟွာသတင်းဌာနကို တော်လှန်ရေးကာလ ၁၉၃၁ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီးပြည်နယ်ရှိ ရီကျင်မြို့တွင် တရုတ်နီသတင်းဌာနအမည်ဖြင့် စတင်တည်ထောင်ခဲ့ပြီး ၁၉၃၇ ခုနှစ်တွင် လက်ရှိအမည် ဆင်ဟွာသတင်းဌာနဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။

တရုတ်အစိုးရပိုင် ဆင်ဟွာသတင်းဌာနသည် လက်ရှိဝန်ထမ်းဦးရေ ၁၀၀၀၀ ကျော်ဖြင့် လည်ပတ်နေပြီး ကမ္ဘာအနှံ့အပြားတွင် ပင်လယ်ရပ်ခြား သတင်းဌာနခွဲပေါင်း ၁၆၂ ခု ဖွင့်လှစ်ထားသည်။

**ဆင်ဟွာ။**

## အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုးသစ် စင်ကာပူနိုင်ငံ၌ ရှာဖွေတွေ့ရှိ

**စင်ကာပူ  နိုဝင်ဘာ ၇**

စင်ကာပူနိုင်ငံ၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါကို ဖြစ်စေနိုင်သော အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးသစ်ကို ရှာဖွေတွေ့ရှိရကြောင်း ကျန်းမာရေးသုတေသီများက ပြောကြားကြသည်။

အဆိုပါ အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးသစ်သည် လက်ရှိရှိနေပြီးဖြစ်သော အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးနှစ်မျိုးမှ တရွေ့ရွေ့ပြောင်းလဲဖြစ်ပေါ်လာသည်ဟု ယူဆရကြောင်း တန်တော့ဆန်ဆေးရုံရှိ ကူးစက်ရောဂါများဆိုင်ရာဌာနမှ သုတေသီများက ပြောကြားကြသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား ကာလအတွင်း အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးရှိသူ လူနာ ၂၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် အေအီး-ဘီဟုအမည်ပေးထားသော အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးသစ်ကို ရှာဖွေတွေ့ရှိခဲ့သည်။

အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးသစ်ကို လက်ရှိအသုံးပြုလျက်ရှိသောဆေးဝါးများဖြင့် ကုသပေးနိုင်ကြောင်း၊ သို့ရာတွင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးရှိသူများအချင်းချင်း လိင်ဆက်ဆံကြရာမှ ကုသရန်ပိုမိုခက်ခဲသော ဗိုင်းရပ်ပိုးသစ်အဖြစ်သို့ အသွင်ပြောင်းလဲလာနိုင်သည်ကို ဆရာဝန်များက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း သတင်းတွင် ဖော်ပြသည်။

ပဏာမလေ့လာချက်များအရ အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးသစ်ရှိသူများသည် ပိုမိုဆိုးရွားပြင်းထန်သော ရောဂါဘယများကို ခံစားရနိုင်ကြောင်း သိရသည်။

**အင်တာနက်။**



**တူရကီနိုင်ငံ အရှေ့ပိုင်းတွင် အောက်တိုဘာ ၂၃ ရက်က လှုပ်ခတ်ခဲ့သော မြေငလျင်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူတစ်ဦးကို ကယ်ထုတ်လာစဉ်။**

# မြေငလျင်ကြောင့်ဖြစ်ရသည့် ကျန်းမာရေးပြဿနာ အခြားသဘာဝဘေးများထက် ပိုမိုကြီးမားဟုဆို

လန်ဒန်  နိုဝင်ဘာ ၇

**မြေငလျင်လှုပ်ခတ်မှုကြောင့်ဖြစ်ပေါ်လာရသော ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများသည် ရေလွှမ်းမိုးခြင်း၊ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခြင်းစသော သဘာဝဘေးအန္တရာယ်များကြောင့် ဖြစ်ပေါ်ရသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများထက် ပိုမိုပြင်းထန်ကြောင်း အမေရိကန်သုတေသနပညာရှင်များက နိုဝင်ဘာ ၆ ရက်တွင် ပြောကြားသည်။**

ကမ္ဘာတစ်ဝန်းလုံး၌ ပြင်းအားအဆင့်အမျိုးမျိုးရှိသော မြေငလျင်ပေါင်း တစ်သန်းကျော်တို့ နှစ်စဉ်လှုပ်ခတ်လေ့ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုအရသိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် မမျှော်လင့်ဘဲ သေဆုံးခဲ့ရသူများအပြင် ထိခိုက်ဒဏ်ရာ ပြင်းပြင်းထန်ထန် ရခဲ့ကြသူအများအပြားသည် အခြေခံလူမှုအဆောက်အအုံများ ပျက်စီးခဲ့ရခြင်းကြောင့် ဆေးဝါးကုသမှု ခံယူနိုင်ခြင်းမရှိခဲ့ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

လော့စ်အိန်ဂျလိစ်၊ တိုကျို၊ နယူးယောက်၊ ဒေလီနှင့် ရှန်ဟိုင်းမြို့များအပါအဝင် ကမ္ဘာ့မြို့တော်အများအပြားသည် ငလျင်ပြတ်ရွေ့ကြောများပေါ်၌ တည်ရှိနေခြင်းကြောင့် ယင်းမြို့များ၌ နေထိုင်သူ သန်းပေါင်းများစွာတို့မှာ ငလျင်ဘေးဒုက္ခနှင့် ကြုံရနိုင်သည့် အခြေအနေရှိကြောင်း သိရသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြေငလျင်လှုပ်ခတ်မှုများကြောင့် ကမ္ဘာတစ်ဝန်းလုံး၌ သေဆုံးသူ ၇၈၀၀၀၀ ကျော်ရှိခဲ့ရာ သဘာဝကပ်ဘေးများကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စိတ်ကျရောဂါသည် ငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း အဖြစ်များသည့်ရောဂါဖြစ်ပြီး ငလျင်ဒဏ်ခံစားရသူ ၇၂ ရာခိုင်နှုန်းတို့မှာ ယင်းရောဂါအား ခံစားခဲ့ရသည်။

၁၉၉၉ ခုနှစ်တွင် တူရကီနိုင်ငံ၌ ငလျင်လှုပ်ခတ်ပြီးနောက် ဒုက္ခသည် ၁၇ ရာခိုင်နှုန်းမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်လိုသည်အထိ စိတ်ကျဝေဒနာခံစားခဲ့ရသည်ဟု ဆိုသည်။

**အင်တာနက်။**

## နိုင်ငံတကာသတင်းရှုခင်း

# အရှေ့အလယ်ပိုင်းကို စစ်နွံအတွင်း ဆွဲချနိုင်သည့် အိုင်အေအီးအေ၏ အီရန်နျူကလီးယား အစီရင်ခံစာ

၁၉၈၁ ခုနှစ် ဇွန် ၇ ရက်တွင် အက်ဖ် ၁၅ အေ ဂျက်တိုက်လေယာဉ်များ အစောင့်အရှောက်အဖြစ် ခြံရံလိုက်ပါလာသော ဗုံးကြဲလေယာဉ်ရှစ်စင်းသည် အရှေ့အလယ်ပိုင်းဒေသ ကောင်းကင်ယံမှနေ၍ ကီလိုဂရမ် ၁၀၀၀ စီ အလေးချိန်ရှိ ဗုံးများကို ငါးစက္ကန့်စီခြား၍ ကြဲချခဲ့သည်။ သို့ဖြင့် နှစ်မိနစ်သာသာအချိန်အတွင်း ခုနစ်နှစ်ကြာ လျှို့ဝှက်တည်ဆောက်ခဲ့ရသော အီရတ်နိုင်ငံ၏ နျူကလီးယားစီမံကိန်းတစ်ခု အလုံးစုံပျက်သုဉ်းခဲ့ရသည်။

အစ္စရေးစစ်ဘက်က အော်ပရာ (Opera) ဟု အမည်ပေးထားသော အဆိုပါ ရှောင်တခင်လေကြောင်းထိုးစစ်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကာလ အရှေ့အလယ်ပိုင်းဒေသကို အသွင်ပြောင်းလဲသွားစေခဲ့သည်။

ယခုလည်း နျူကလီးယားလက်နက်တည်ဆောက်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဆိုသော အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ဟန့်တားရန်အတွက် အော်ပရာစစ်ဆင်ရေးကဲ့သို့ လက်ဦးမှုယူ ထိုးစစ်တစ်ရပ်ဆင်နွှဲရန် အစ္စရေးနိုင်ငံက စိတ်ကူးနေသည်ဟူသော သတင်းများထွက်ပေါ်နေသည်ကို ကြားသိနေရသည်။

ယင်းကဲ့သို့ စစ်ခေါ်သံများ တဖြည်းဖြည်း ကျယ်လောင်လာသည်နှင့်အမျှ အစ္စရေးနှင့် အီရန်အကြား ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ရသော သံတမန်ရေးထိပ်တိုက်ရင်ဆိုင်မှုသည် စစ်ရေးပဋိပက္ခအသွင် ဆောင်လာနိုင်ဖွယ်ရှိသည့် လက္ခဏာများလည်း ပေါ်ထွက်လာလျက်ရှိသည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်တည်ဆောက်ရန် ကြိုးပမ်းနေကြောင်း သက်သေပြနိုင်ဖွယ်ရှိသည့် အသေးစိတ်အကျဆုံး သုတေသနအစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)က ယခုရက်သတ္တပတ်အတွင်း ထုတ်ပြန်မည်ဖြစ်သည်။

အိုင်အေအီးအေအဖွဲ့ဝင်နိုင်ငံအားလုံးသို့ နိုဝင်ဘာ ၉ ရက်တွင် ဖြန့်ဝေသွားရန် စီစဉ်ထားသော အဆိုပါအစီရင်ခံစာကြောင့် အီရန်နျူကလီးယားအစီအစဉ်များနှင့်ပတ်သက်၍ နိုင်ငံတကာ၏ သံသယများ ပိုမိုနက်ရှိုင်းလာနိုင်ပြီး အရှေ့အလယ်ပိုင်းဒေသတစ်ခွင်လုံး တင်းမာမှုအရှိန် ပိုမိုမြင့်တက်လာနိုင်သည်။

ယခုရက်ပိုင်းအတွင်း ထွက်ပေါ်လာသော သတင်းများအရ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ကာကွယ်ရေးဝန်ကြီး အီဟွတ်ဘာရက်ခ်တို့သည် အီရန်၏ နျူကလီးယားအစီအစဉ်များ နှစ်အနည်းငယ်ကြာ တုံ့ဆိုင်းသွားရေးအတွက် ထိုးစစ်တစ်ရပ်ဆင်နွှဲရန် အစ္စရေးအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိအခြေအနေအရ အီရန်နိုင်ငံသာ နျူကလီးယားလက်နက် ပိုင်ဆိုင်လာမည်ဆိုပါက အစ္စရေးနိုင်ငံအဖို့ ကြောက်မက်ဖွယ်အကောင်းဆုံး ညဆိုးအိပ်မက်နှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ဂျူးနိုင်ငံကို အစဖျောက်ပစ်မည်ဟု လေတလုံးမိုးတလုံး ခြိမ်းခြောက်နေကြသော အီရန် တစ်ယူသန်ဘာသာရေးခေါင်းဆောင်များသည်လည်း နျူကလီးယားလက်နက်အားကိုးဖြင့် မာန်တထောင်ထောင် ဖြစ်လာလိမ့်မည်။

ထိုမျှမက နျူကလီးယားလက်နက် လက်ဝယ်ပိုင်ဆိုင်လာခြင်းဖြင့် အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၏ စစ်ရေးချိန်ခွင်လျှာကိုပါ ပြောင်းလဲလာနိုင်မည်ဖြစ်သည်။ ဆော်ဒီအာရေဗျ၊ ကူဝိတ်၊ အီရတ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ရှိ ရေနံမြေများခြိမ်းခြောက်ခံရတော့မည်ဖြစ်ပြီး အစ္စရေးနိုင်ငံကို ဝိုင်းကြဉ်ကြရန် အာရပ်နိုင်ငံများအား နျူကလီးယားလက်နက်ပြ၍ ဖိအားပေးလာနိုင်သည်။

အထက်ပါ နောက်ခံအကြောင်းတရားများကိုအခြေခံ၍ နျူကလီးယားစစ်ပွဲဖြစ်လာမည်ဆိုပါကလည်း အစ္စရေးအတွက် သက်သာဖွယ်မရှိပေ။ နျူကလီးယားပေါက်ကွဲမှုတစ်ခုသည် အစ္စရေးနိုင်ငံတစ်နိုင်ငံလုံးကို ကမ္ဘာ့မြေပုံပေါ်မှ ဖျောက်ပစ်နိုင်သည်။ ဒုတိယကမ္ဘာစစ်တစ်လျှောက် ဂျာမန်အာဏာရှင် အဒေါ့ဖ် ဟစ်တလာ အရှုံးအမူးကြိုးပမ်းခဲ့သော ဂျူးလူမျိုးများအား ကမ္ဘာပေါ်မှ လက်စဖျောက်ရေးစီမံကိန်းသည် စက္ကန့်ပိုင်းအတွင်း ပြီးမြောက်သွားလိမ့်မည်ဖြစ်သည်။

သို့ဖြစ်ရာ အီရန်နိုင်ငံနှင့်ပတ်သက်သော မဟာဗျူဟာဆုံးဖြတ်ချက်သည် မိမိတို့မျိုးဆက် ရှင်သန်ရေးအတွက် ဆုံးဖြတ်ချက်ဖြစ်ကြောင်း အစ္စရေးနိုင်ငံထုတ် ဟာရက်ဇ်သတင်းစာဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြထားသည်ကိုတွေ့ရသည်။ အချိန်မတိုင်မီ အီရန်ကို တိုက်လျှင် ထည့်သွင်းစဉ်းစားရမည့်အချက်များစွာရှိနေကြောင်း၊ အီရန်နှင့် မဆုံးတမ်းနွှဲရတော့မည့်စစ်ပွဲ၊ ဟားမားစ်၊ ဟစ်ဇ်ဘိုလာ စသော အီရန်၏ မဟာမိတ်အုပ်စုများနှင့် ဆင်နွှဲရမည့်စစ်ပွဲ၊ အစ္စရေးမြို့ကြီးများအပေါ် ကျရောက်လာမည့် ထောင်နှင့် သောင်းနှင့်ချီမည့် ဒုံးပျံများ စသည်တို့ကို ထည့်တွက်ရမည်ဖြစ်ကြောင်း ဆောင်းပါးရှင်က ထောက်ပြခဲ့သည်။

တစ်ဖန် အချိန်နှောင်းမှတိုက်ပြန်လျှင်လည်း အစ္စရေးနိုင်ငံ ဆက်လက်ရှင်သန်ရပ်တည်ရေးအတွက် အန္တရာယ်ရှိလာနိုင်ကြောင်း ဆောင်းပါးရှင် အရီရှာဗစ်က ရေးသားခဲ့သည်။

နည်းဗျူဟာအရကြည့်လျှင် မြေအောက်နျူကလီးယားအဆောက်အအုံများအား လက်စတုံးချေမှုန်းနိုင်ရန် လေကြောင်းထိုးစစ် ၆၀၀ မှ ၁၀၀၀ ကြား ပြုလုပ်ရဖွယ်ရှိကြောင်း ကျွမ်းကျင်သူတို့က သုံးသပ်သည်။ အမေရိကန်စစ်ရေးစီမံချက် ရေးဆွဲသူများပင်လျှင် မြေအောက်နျူကလီးယားအဆောက်အအုံများအား ထိုးဖောက်တိုက်ခိုက်နိုင်ရန် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ သုံးစွဲရနိုင်ကြောင်း တွက်ချက်ထားကြသည်။

သို့ဖြစ်ရာ မြေပြင်ပေါ်၌ရော မြေအောက်တွင်ပါ ဖြန့်ခွဲထားရှိသည့် အီရန်နျူကလီးယားအဆောက်အအုံများကို အစ္စရေးတစ်နိုင်ငံတည်းဖြင့် ဖျက်ဆီးချေမှုန်းရန်မလွယ်ကြောင်း လေ့လာသူများက သုံးသပ်ခဲ့ကြသည်။ **[ဗျည်းနှဲ.]**

# တစ်နိုင်ငံလုံး၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတကာရေနံကုမ္ပဏီများကို အကျိုးတူလုပ်ကိုင်ခွင့်ပြုပြီး ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၇

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးစွဲရန်အတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တူးဖော်ထွက်ရှိလာသော ကုန်းတွင်းသဘာဝဓာတ်ငွေ့များကို ဓာတ်မြေဩဇာစက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများနှင့် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များသို့ လည်းကောင်း၊ နိုင်ငံခြား ရေနံကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှ ရရှိသည့် ကမ်းလွန်သဘာဝဓာတ်ငွေ့များကို မီးထိုးလောင်စာအဖြစ် အသုံးပြုသော နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဘိလပ်မြေစက်ရုံများစသည့် စက်ရုံအလုပ်ရုံများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများသို့လည်းကောင်း ဖြန့်ဖြူးပေးလျက်ရှိသည်။**

ထိုသို့အသုံးပြုလျက်ရှိသော ကုန်းတွင်းသဘာဝဓာတ်ငွေ့ကို ညောင်တုန်းရေနံမြေနှင့် အဖျောက်သဘာဝဓာတ်ငွေ့မြေများမှသာ အဓိကထုတ်ယူရရှိနေပြီး အဆိုပါ ရေနံမြေနှစ်ခု၏ သက်တမ်းအရလည်းကောင်း၊ သဘာဝအရလည်းကောင်း ထုတ်ယူရရှိမှု ကျဆင်းလာသော်လည်း သဘာဝဓာတ်ငွေ့ သုံးစွဲမှုအပိုင်းတွင် လျော့နည်းကျဆင်းမှု မရှိသည့်အတွက် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် တွင်းသစ်များတူးဖော်ခြင်း၊ တွင်းဟောင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ညောင်တုန်းရေနံမြေသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေနံမြေရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးက သဘာဝဓာတ်ငွေ့ လက်ရှိသုံးစွဲနေမှုများကို ဝန်ကြီးဌာနအနေဖြင့် နည်းလမ်းစုံသုံး၍ ကြိုးပမ်းထုတ်လုပ်ဖြည့်ဆည်းပေးလျက်ရှိသော်လည်း ရေနံမြေများ၌ သဘာဝအလျောက်ထုတ်လုပ်မှုကျဆင်းခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ သို့သော် ပြည်သူလူထုသွားလာရေး အဆင်ပြေစေရန်အတွက် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များကို ဦးစားပေးဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာရေနံကုမ္ပဏီများကို ကုန်းတွင်းရေနံမြေလုပ်ကွက်များတွင် အကျိုးတူဝင်ရောက်လုပ်ကိုင်ခွင့်ပြုပြီး ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများကလည်း မိမိတို့ဆောင်ရွက်ရမည့် ရှာဖွေရေးနှင့် ထုတ်လုပ်ရေးအစီအစဉ်များကို ယခုပွင့်လင်းရာသီတွင် အလျင်အမြန်ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တွင်းသစ်အမှတ်(၄၈)တူးဖော်နေမှုကိုလည်းကောင်း၊ တွင်းဟောင်း အမှတ်(၃၅)ပြန်လည်ပြုပြင်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ညောင်တုန်းရေနံမြေရှိ တွင်းသစ်အမှတ်(၄၈)တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (စွမ်းအင်)



**ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ကချင်ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကချင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ညှိနှိုင်းအစည်းအဝေးနှင့် နိုင်ငံတကာအဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

**ကချင်ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက်အမှာစကားပြောကြားသည်။**

အစည်းအဝေးတွင် ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးညွန့်အောင်နှင့် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နုနုရီက ပြည်နယ်၏ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲရေးဆိုင်ရာများနှင့် ရသုံးမှန်းခြေငွေစာရင်းများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲကြမည့် ဝန်ကြီးဌာန၊ ဌာနဆိုင်ရာ (၂၆)ဌာနတို့မှ မိမိတို့ဌာနအလိုက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အရ/အသုံး ခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲထားရှိမှုကို ရှင်းလင်းတင်ပြကြသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပသည့် စီမံကိန်းဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ရှင်းလင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြကာ တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ သစ်တောလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၇**

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁ ခုနှစ် မိုးရာသီတွင် ဆောင်ရွက်ထားသည့် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်(၂၁၃/၅)အနီးရှိ ဆက်သွယ်ရေး လမ်းဘေးဝဲ/ယာ ကျွန်းတစ်အုပ်တစ်မ စိုက်ပျိုးခြင်းနှင့် မိုင်တိုင်အမှတ် (၂၁၄/၀)အနီးရှိ မင်းကုန်းကျေးရွာအုပ်စု မင်းကုန်း၊ ကျွဲရှင်း၊ မုံနှစ်၊ ဖောင်းလောင်ကျေးရွာတို့၌ တစ်ရွာတစ်ဧက (ယူကလစ်) စိုက်ခင်းများ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ**(ယာပုံ)** ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတက်တိုးနှင့် မြို့နယ်ဦးစီးအရာရှိ ဦးဝင်းပိုလ်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ပြိုင်ပွဲဝင်မည့် ဘော်လီဘောအားကစားသမားများအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကများ တွေ့ဆုံအားပေး ထောက်ပံ့ငွေများ လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၇**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အားကစားသမားများအား အောင်မြင်မှုဆုတံဆိပ်များ ဆွတ်ခူးနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဘော်လီဘောအားကစားနည်း တာဝန်ခံနာယက ဒေါက်တာဒေါ်ဝေဝေသာနှင့် နာယကအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ စခန်းသွင်းလေ့ကျင့်လျက်ရှိသော အားကစားသမားများအား အင်အားဖြည့် အစားအသောက် ဖြည့်စွက်စားသုံးရန်အတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုး ဝန်ထမ်းများအား ဝတ်စုံများထောက်ပံ့ပေးစဉ်။** (၅၄၃)



# နိုင်ငံသားစိစစ်ရေးကတ်ပြားများ သပိတ်ကျင်းမြို့နယ်၌ နေ့ချင်းပြီး ဆောင်ရွက်ပေး

**သပိတ်ကျင်း နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၆ ရက်က ချောင်းကြီးကျေးရွာအုပ်စု ကျောက်ဖြူကျေးရွာ ဒေသခံပြည်သူ ၆၀ အား ဝန်ထမ်းများက နေ့ချင်းပြီး ဆောင်ရွက်ပေးကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (မြို့နယ် လဝက)

# ဘီးလင်းမြို့နယ်၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွား လူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ဘီးလင်းမြို့နယ် ရွှေရောင်ပြကျေးရွာအနီးရှိ ရန်ကုန်-မော်လမြိုင် ကားလမ်း၏ လက်ယာဘက်အခြမ်း မိုင်တိုင်(၁၃၁/၄)နှင့် (၁၃၁/၅)အကြား၌ ယမန်နေ့နံနက် ၈ နာရီခန့်တွင် ရန်ကုန်မြို့ ရွှေပြည်သာမှ ဘားအံမြို့နယ် မြိုင်ကလေးဘိလပ်မြေစက်ရုံသို့ ပို့လွှတ်သော (၁၀)လက်မ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း ကနဦးသတင်းအရ သိရသည်။

အဆိုပါပေါက်ကွဲမှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိဘဲ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ယာဉ်အသွားအလာ ခေတ္တပိတ်ထားခဲ့ရကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လုံခြုံရေးနှင့် အုပ်ချုပ်မှုလုပ်ငန်းများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရွှေကျင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာများရရှိ

**နေပြည်တော် နိုဝင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် သဲဖြူချောင်းကျေးရွာနေ မောင်ထွန်းလင်းအောင် (၁၉)နှစ်နှင့် ၎င်း၏ညီ မောင်ကျော်ကိုကို (၁၃)နှစ်တို့သည် ရွှေကျင်မြို့ အရှေ့ဘက် ထီးသပြုချောင်းဖျား ငွေးကုန်းတောင်အနီး ဝါးခုတ်ရန်သွားရောက်စဉ် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီခန့်တွင် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် မောင်ထွန်းလင်းအောင်၏ ဝဲခြေချင်းဝတ်အထက်ပြတ်ဒဏ်ရာနှင့် မောင်ကျော်ကိုကို၏ ဦးခေါင်း၊ မျက်နှာ၊ ရင်ဘတ်တို့၌ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူနှစ်ဦးအား တာဝန်ရှိသူတို့က ရွှေကျင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသ၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

# လေးမြတ်ပူဇော်၊ ဗုဒ္ဓမြတ်စွယ်တော်

## တင်ထွင့် (အစိုးရတိုင်းရင်းဆေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်း၏ ဖိတ်ကြားချက်အရ ၂၀၁၁ခုနှစ် မေလ ၂၆ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့စဉ် မေလ ၂၈ ရက်နေ့တွင် ဗုဒ္ဓဘုရားရှင်၏ **အထက်လက်ဝဲဘက် မြတ်စွယ်တော်** ကိန်းဝပ်စံပယ်လျက်ရှိသော ပေကျင်းမြို့ ကွမ်ရှီးစုဘုရားကျောင်းသို့ ရောက်ရှိခဲ့ပြီး ယင်းကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်များထံ ၎င်းဗုဒ္ဓမြတ်စွယ်တော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်း ဖူးမြော်ကြည်ညို ကုသိုလ်တရား ပွားများနိုင်ကြစေရေးအတွက် မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီရန်ပင့်လျှောက်ရာတွင် ဆရာတော်များက လက်ခံသဘောတူခဲ့ပါသည်။

ယင်းသို့ နိုင်ငံတော်သမ္မတကြီး၏ အမြော်အမြင်ကြီးမားသော ကျေးဇူးတရားကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်တွင် စတုတ္ထအကြိမ် ဒေသစာရီကြွချီ အပူဇော်ခံရာတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များ၌ သတ်မှတ်ထားသော ရက်အသီးသီးတွင် သီတင်းသုံး အပူဇော်ခံသွားမည်ဖြစ်ပါသည်။ ယင်းဗုဒ္ဓမြတ်စွယ်တော်ကို မဖူးမြော်ရသေးသည့် ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက် ဖူးမြော်ပူဇော်နိုင်ရန်အတွက် လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံ၏ သဒ္ဓါတရားကို လေးစားသောအားဖြင့်လည်းကောင်း မြန်မာနိုင်ငံသို့ ယခုကဲ့သို့ စတုတ္ထအကြိမ် ကြွရောက်ပူဇော်ခွင့်ရရှိခြင်းဖြစ်သည့်အပြင် ယခုပြည်ထောင်စုအစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ် နေပြည်တော်သို့ ကြွရောက်ပူဇော်ခံခြင်းလည်းဖြစ်ပါသည်။

### စီစဉ်ဆောင်ရွက်လျက်ရှိ

ဗုဒ္ဓမြတ်စွယ်တော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နေပြည်တော်သို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် ပင့်ဆောင်ရောက်ရှိလာသည့်အခါ ဗုဒ္ဓမြတ်စွယ်တော်ကို နေပြည်တော်မှ ကြိုဆိုပူဇော်ရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဒေသစာရီကြွချီရာတွင်လည်းကောင်း၊ မန္တလေးမြို့မှ ပေကျင်းမြို့သို့ ပြန်လည်ပင့်ဆောင်ရာတွင်လည်းကောင်း ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ခမ်းနားထည်ဝါစွာ ကြိုဆိုပင့်ဆောင်ပူဇော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော်ကို နေပြည်တော် ဥပ္ပါတသန္တိစေတီ လိုဏ်ဂူတော်၌ ၂၀၁၁ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတော်ကြီး၌ ဒီဇင်ဘာ၈ရက်မှ ၂၃ ရက်အထိ လည်းကောင်း နေ့စဉ်နံနက် ၆ နာရီမှ ည ၉ နာရီအထိ စုစုပေါင်း ၄၈ ရက်တိုင်တိုင် ပူဇော်ခံထားရှိသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီအပူဇော်ခံမည့် ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက် မြတ်စွယ်တော်အပါအဝင် စွယ်တော် (၄)ဆူနှင့် ပတ်သက်သော သမိုင်းဖြစ်စဉ်အကျဉ်းကို ရေးသားတင်ပြလိုပါသည်။ ဂေါတမမြတ်စွာဘုရားသခင်သည် သုမေဓာရှင်ရသေ့ဖြစ်ခဲ့စဉ်က ဒီပင်္ကရာဘုရားထံတော်ပါး၌ ဗျာဒိတ်ပန်းဆင်မြန်းပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီတော်များကို ဖြည့်ကျင့်ခဲ့ပြီး မဟာသက္ကရာဇ် ၆၈ ခုနှစ် အိန္ဒိယနိုင်ငံ ကပိလဝတ်မြို့၌ သကျသာကီဝင်မင်းမျိုး ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော် သီရိမဟာမာယာဒေဝီတို့မှ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ထို့နောက် သက်တော် (၂၉)နှစ်တွင် တောထွက်တော်မူခဲ့ပြီး ဥရုဝေလတော၌ ဒုက္ကရစရိယ (၆)နှစ်တိုင် ကျင့်တော်မူကာ မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ သက်တော်(၃၅)နှစ်တွင် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဂယာမြို့အနီး ဗောဓိမဏ္ဍိုင်၌ မာရ်စစ်သည်တို့ကိုအောင်မြင်၍ သဗ္ဗညုတသခင် ဘုရားရှင်အဖြစ် ရောက်ရှိပွင့်ထွန်းတော်မူခဲ့ပါသည်။

### ကြွင်းကျန်ရစ်

ယင်းသို့ ဘုရားဖြစ်တော်မူပြီး (၄၅)ဝါပတ်လုံး လူ-နတ်-ဗြဟ္မာ ဝေနေယျ သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးတော်မူကာ မဟာသက္ကရာဇ် (၁၄၈) ခုနှစ် ကဆုန်လပြည့် သက်တော်(၈၀)၊ ဝါတော် (၄၅)ဝါ၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြီး ဥတုဇရုပ်ကလာပ်တော်ကို မလ္လာမင်းတို့က ဦးဆောင်၍ နံ့သာထင်းပုံတွင်ထားရှိပြီး ရှင်မဟာကဿပမထေရ်မြတ်ကြီးမှ ကန်တော့ပြီးသောအခါ တေဇောဓာတ် အလိုအလျောက် လောင်ကျွမ်း၍ သရီရဓာတ်တော်မွေတော်များ ကြွင်းကျန်ရစ်ခဲ့ပါသည်။

တေဇောဓာတ်မီးမကျွမ်းဘဲ မူလပကတိအတိုင်း ကြွင်းကျန်ရစ်သည့် (က) နဖူးသင်းကျစ်တော်၊ (ခ) လက်ယာညှပ်ရိုးတော်၊ (ဂ) လက်ဝဲညှပ်ရိုးတော်၊ (ဃ) အထက်လက်ဝဲစွယ်တော်၊ (င) အောက်လက်ဝဲစွယ်တော်၊ (စ)အထက်လက်ယာစွယ်တော်၊ (ဆ) အောက်လက်ယာစွယ်တော်စသည့် အသဗ္ဘိန္နဓာတ်တော် (၇)ဆူနှင့် ပဲနောက်စေ့ ပမာဏရှိပြီး ရွှေအဆင်းရှိသည့် ကြီးမားသော ဓာတ်တော်၊ ဆန်ကျိုးခန့်ပမာဏရှိပြီး ပုလဲအဆင်းရှိသော အလတ်စားဓာတ်တော်၊ မုန်ညင်းစေ့ ပမာဏရှိပြီး မြတ်လေးပန်း အဆင်းရှိသော အငယ်စားဓာတ်တော် စသည်ဖြင့် ဓာတ်တော်(၈) စရွတ် (၁၆) ပြည် ပမာဏခန့် ကျန်ရှိခဲ့ပါသည်။

ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူသည်ကို ကြားသိသော (က)ရာဇဂြိုဟ်ပြည်၊ (ခ)ဝေသာလီပြည်၊ (ဂ) ကပိလဝတ်ပြည်၊ (ဃ)အလ္လကပ္ပပြည်၊ (င)ရာမပြည်၊ (စ)ဝေဌဒီပပြည်၊ (ဆ)ပါဝါပြည်၊ (ဇ)ကုသိနာရုံပြည် စသည့် (၈)ပြည်ထောင်မင်းတို့က ဘုရားရှင်၏ သရီရဓာတ်တော်မွေတော်များကို ရယူရန်ရောက်ရှိခဲ့ကြရာ အချင်းချင်း စစ်မက်ဖြစ်ပွားမည့်အရေးအထိ ပေါ်ပေါက်ခဲ့သဖြင့် ဒေါဏပုဏ္ဏားကြီးက ဖျန်ဖြေ၍ အညီအမျှ (၈)စုခွဲဝေပေးခဲ့ပါသည်။ ဒေါဏပုဏ္ဏားကြီးသည် (၈)ပြည်ထောင်မင်းတို့အား ဓာတ်တော်ဝေပေးနေစဉ် ကြည်ညိုသဒ္ဓါစိတ်ဖြစ်ပေါ်ကာ အာသမ္ဘိန္နဓာတ်တော်(၇)ဆူအနက် အထက်လက်ယာစွယ်တော်ကို ဦးခေါင်းဆံကျစ်ကြား ဝှက်ထားလိုက်ရာမှ သိကြားမင်းက ၎င်းစွယ်တော်ကို တာဝတိံသာနတ်ပြည်သို့ပင့်ဆောင်၍ စူဠာမဏိစေတီတွင် ဌာပနာပြီး ပူဇော်ခဲ့ပါသည်။ တစ်ဖန် အောက်လက်ယာစွယ်တော်ကို ခြေမကြား၌ ဝှက်ထားပြန်ရာ ဇေယျသေန နဂါးမင်းကတွေ့ရှိပြီး ၎င်းစွယ်တော်ကို နဂါးပြည်သို့ ပင့်ဆောင်လျက် ရတနာစေတီတော်၌ ဌာပနာပြီး ပူဇော်ခဲ့ပါသည်။

### ကိန်းဝပ်စံပယ်တော်မူ

**အောက်လက်ဝဲစွယ်တော်မှာ** ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ၏တပည့်၊ ရှင်ခေမာရဟန္တာမြတ်က ပင့်ဆောင်ပြီး ကလိင်္ဂရာဇ်ပြည် ဗြဟ္မဒတ်မင်းထံ အပ်နှံပြီး ကိုးကွယ်စေခဲ့ပါသည်။ ဂုဟာသီဝမင်းလက်ထက် စစ်မက်ဖြစ်ပွားလာသောအခါ သမီးတော်ဟေမမာလာနှင့်တကွ သီရိလင်္ကာနိုင်ငံသို့ ပင့်ဆောင်ထွက်ပြေးစေပြီး ကိတ္တိသီရိမေဃမင်းသို့ပေးအပ်၍ မင်းအဆက်ဆက်ကိုးကွယ်ခဲ့ရာ ယခုတိုင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့ စွယ်တော်ကျောင်း၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိပါသည်။

**အထက်လက်ဝဲစွယ်တော်ကို** ရှေးဟောင်းမင်းနိုင်ငံဖြစ်သော ဥတည်ရာန (ဥဒျာန) သို့ ပင့်ဆောင်သည်။ **(ဥတည်ရာနသည် ယခုပါကစ္စတန်နိုင်ငံအတွင်း၌ ရှိသည်။)** တစ်ဖန် ဥတည်ရာနမှ ခိုတန်သို့ပင့်ဆောင်ခဲ့သည်။ **(ခိုတန်သည် ယခု တရုတ်နိုင်ငံ တင်ဂျန်းပြည်နယ်အတွင်း ဟီတီယန်ဖြစ်သည်။) (၅)ရာစုတွင် တောင်ပိုင်းတီမင်းဆက်လက်ထက် တရုတ်ဘုန်းတော်ကြီး ဖာဟီယန်သည် ခိုတန်မှ ဗုဒ္ဓမြတ်စွယ်တော်ကို ရွှေမြို့တော် နန်ကျင်းသို့ ပင့်ဆောင်လာခဲ့သည်။ ဆွီမင်းဆက်လက်ထက်တွင် ရွှေမြို့တော်အသစ် ချီအန်းသို့ ပင့်ဆောင်ကိုးကွယ်ခဲ့သည်။ မင်းဆက်ငါးဆက်လက်ထက် တရုတ်ပြည်အလယ်ပိုင်းတွင် မတည်မငြိမ်ဖြစ်လာသဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့ပင့်ဆောင်ခဲ့ရာ မြောက်ပိုင်း လီယိုမင်းဆက်တို့၏ ရွှေမြို့တော် ယန်ကျင်း(ယခု ပီကင်းမြို့တော်)သို့ ရောက်ရှိလာသည်။**

ဧကရာဇ် "ဒအိုဇွန်" ၏ နန်းစဉ်ရာဇဝင်ဖြစ်သော လီယိုမင်းဆက်သမိုင်း အတွဲ (၂၂)တွင် ပီကင်းမြို့ ဇောင်ဆီယန်စေတီ၌ ဗုဒ္ဓမြတ်စွယ်တော်ကို ဌာပနာကြောင်း မှတ်တမ်းပါရှိသည်။ ဇောင်ဆီယန်စေတီတည်ရှိရာ လင်ကွမ်း ဘုန်းတော်ကြီးကျောင်းသည် (၈)ရာစုက တည်ဆောက်ခဲ့သော ကျောင်းကြီးဖြစ်ပြီး ကျောင်းဝင်းအရှေ့တောင်ထောင့်နေရာ၌ အုတ်နှင့်တည်ဆောက်ထားသော အဌဂံရှစ်မြှောင့်ပုံစံ အထပ် (၁၀)ထပ်ပါ စေတီတည်ရှိလျက် ၎င်းစေတီ၏ အုတ်ချပ်များတွင် ဗုဒ္ဓပုံတော်နှင့် စေတီပုံတော်များပါရှိသောကြောင့် **"ဗုဒ္ဓဘုရားပုံတော်တစ်ထောင်စေတီ" ("ဗုဒ္ဓရုပ်စုံ တစ်ထောင်စေတီ")**ဟု ခေါ်တွင်ခဲ့ပေသည်။

၁၉၀၀ ပြည့်နှစ်တွင် နယ်ချဲ့ (၈)နိုင်ငံတို့၏ တပ်များပူးပေါင်း၍ ပီကင်း ရွှေမြို့တော်သို့ ကျူးကျော်ဝင်ရောက်လာကြပြီး ပစ္စည်းများလုယူဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ကြသဖြင့် လင်ကွမ်းဘုန်းတော်ကြီးကျောင်းနှင့် ဇောင်ဆီယန်စေတီတို့ပါ ပျက်စီးကုန်ခဲ့ကြပါသည်။ ယင်းဘေးဆိုးကြီး လွန်မြောက်ပြီးနောက် ကျောင်းနေရဟန်းတို့သည် ကျောင်းဝင်းကို ရှင်းလင်းကြရာ စေတီမှပြိုကျခဲ့သော အုတ်ခဲ၊ ကျောက်ခဲများကို တူးဆွကြည့်ကြရာမှ စကြာပုံသဏ္ဍာန် ကျောက်အဖုံးတစ်ခုနှင့် ထိုအဖုံးပေါ်တွင် **"ယေဓမ္မာ ဟေတုပ္ပဘဝါ"** အစချီ (၇ ရာစုခေတ်)သင်္သကရိုက်ဘာသာနှင့် ဂါထာစာကြောင်းကို တွေ့ကြရလေသည်။ ထိုဂါထာမှာ ရှင်သာရိပုတ္တရာလောင်းဖြစ်သော ဥပတိဿကို ရှင်အဿဇိက ဟောသောတရားဖြစ်လေသည်။

ယင်းဂါထာကို မြန်မာဘာသာဖြင့် ပြန်ဆိုပါက-

**"အကြင်တရားတို့သည် အကြောင်းလျှင် အမွန်အစရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကိုလည်း မြတ်စွာဘုရားသည် ဟောတော်မူ၏။ ထိုအကြောင်းတရားတို့၏ အကြင်ချုပ်ခြင်းသည် ရှိ၏။ ထိုချုပ်ခြင်းကိုလည်း မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။ မြတ်သောရဟန်းကြီးသည် ဤသို့ အယူရှိ၏"**ဟူ၍ဖြစ်ကြောင်းလေ့လာသိရှိရပါသည်။ယင်းကျောက်ဖုံးနှင့်အတူတွေ့ရှိသော ကျောက်သေတ္တာငယ်ကို ဖွင့်ကြည့်ရာတွင် အတွင်း၌ စန္ဒကူးသားသေတ္တာငယ်ကိုတွေ့ကြရပြီး ယင်းသေတ္တာငယ်၌ **သကျမုနိ ဗုဒ္ဓ၏မြတ်စွယ်တော်**ဟူသော စာတန်းထိုးထား၍ အတွင်းကိုကြည့်ကြသောအခါ ပိုးစဖြင့် ထုပ်ထားသော အရှည် ၂ လက်မခန့်၊ လုံးပတ် ၂ လက်မခန့်ရှိ ဗုဒ္ဓစွယ်တော်ကို ပေါ်လွင်ထင်ရှားစွာ ဖူးတွေ့ခဲ့ကြရသည်။

၁၉၅၅ ခုနှစ်ဦးတွင် တရုတ်ဗုဒ္ဓဘာသာအဖွဲ့နှင့် လင်ကွမ်းဘုန်းတော်ကြီးကျောင်းတို့ သဘောတူညီချက်ဖြင့် ပေကျင်းမြို့ ကွမ်ရှီးစုဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ကြပြီး ကျောက်မျက်ရတနာ (၇)ပါးနှင့် စီခြယ်ထားသော ထူပါရုံစေတီပုံ ရွှေသားပကတိကြုတ်အတွင်း ဗုဒ္ဓမြတ်စွယ်တော်ကို ကိန်းဝပ်စေပြီး သရီရကျောင်းဆောင်တော်ကြီး၌ တည်ထားကိုးကွယ်ခဲ့ပေသည်။ ယင်းဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်ရန် ထာဝရနေရာဌာနသတ်မှတ်ရေးနှင့် ကျော်ကြားသော သမိုင်းဝင်နေရာကို ထည်ဝါခံ့ညားစေရန် မွမ်းမံရေးအတွက် ဗုဒ္ဓဘာသာရိုးရာစနစ်အရ စေတီအသစ်တစ်ဆူ တည်ထားကိုးကွယ်ရန် ၁၉၅၇ ခုနှစ်၌ တရုတ်နိုင်ငံ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က အဆိုပြုကြသောကြောင့် ၁၉၅၈ ခုနှစ် နွေရာသီမှ ၁၉၆၄ ခုနှစ် နွေဦးပေါက်ချိန်အထိ ခံ့ညားတင့်တယ်လှသော စွယ်တော်စေတီအသစ်နှင့် သာသနိက အဆောက်အအုံတို့ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပေသည်။

### ကျက်သရေတိုးပွားစေ

မြတ်စွယ်တော်စေတီသည် ၅၁ မီတာမြင့်၍ရှစ်မြှောင့်ပုံဖြစ်ပြီး ဖောင်းရစ် ၁၃ ရစ်နှင့် မွမ်းမံထားကာ စတုရန်း ၂၂ မီတာကျယ်သော၊ မြေပြင်မှ ၂ ဒသမ ၇၀ မီတာမြင့်သည့် ဖိနပ်တော်ရှိပါသည်။ အပြင်ဘက်မှကြည့်မည်ဆိုပါက တစ်ထပ်တည်းသာ ပါသော အဆောက်အအုံနှင့်တူပြီး အတွင်းပိုင်း၌ အထပ် ၇ ထပ် ဆင့်ထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ဗိသုကာပုံစံမှာ တန်နှင့်စွန်မင်းဆက်များခေတ်က မြောက်ပိုင်းတရုတ်ပြည်၌ အလွန်ခေတ်စားခဲ့သည့် မြစိမ်းရောင်ကြွေပြားများနှင့် စီခြယ်ထားပြီး ရွှေထီးတော်တင်ထား၍ အနုစိတ်ထုလုပ်ထားသော ပန်းပုလက်ရာများနှင့် အလှဆင်ထားသော ပြတင်းများ၊ထုတ်ဆွဲထုတ်ထောက်များက စေတီတော်၏ ကျက်သရေကို တိုးပွားစေပါသည်။

ကျောက်မျက်ရတနာ(၇)ပါးစီခြယ်၍ ရွှေသားပကတိဖြင့် ပြုလုပ်ထားသော မြတ်စွယ်တော်ကြုတ်မှာ ရှေးဟောင်းစေတီပုံစံဖြစ်ပြီး လက်ရာမြောက်လှသည့် ပန်းထိမ်ပညာ အမွမ်းအမံများဖြင့် ပုံဖော်ထားပါသည်။ မှန်ကာထားသောနေရာမှ အတွင်းသို့ ဖူးလိုက်သောအခါ ရွှေကြာပွင့်ပေါ်တွင် ကိန်းဝပ်နေသော မြတ်စွယ်တော်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရမည်ဖြစ်သည်။ မြတ်စွယ်တော်ကြုတ်၌ သက္ကတဘာသာနှင့် ရေးထိုးထားသော ဂါထာများကို တွေ့ရှိရမည့်အပြင် တရုတ်ရိုးရာ ခြင်္သေ့ပုံ ဖောင်းကြွများကိုလည်း ကြုတ်တွင် ထွင်းဖော်ထားကာ လေးနက်တည်ငြိမ်၍ ဗုဒ္ဓသာသနာအပေါ် ကြည်ညိုသဒ္ဓါပွားစိတ်များကို ဖြစ်ပေါ်စေပါသည်။

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းအနေဖြင့် အသက်ထင်ရှား မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်နှင့် ထပ်တူထပ်မျှ ရိုသေလေးမြတ် ပူဇော်အပ်သော-

(၁) **ဓာတုစေတီ** (သရီရစေတီ)၊

(၂) **ဓမ္မစေတီ** (တရားဒေသနာတော်တို့ကို အက္ခရာတင် ရေးသားထားသည့် ရွှေပြား၊ ငွေပြား စသည်တို့ကို ဌာပနာ ပြုအပ်သောစေတီ)၊

(၃) **ဥဒ္ဒိဿစေတီ** (မျက်ကွယ်ကမှန်းဆ ရည်ရွယ်အပ်သော (၃၂) ပါးသော လက္ခဏာတော်ကြီး၊ (၈၀)သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် (၆)သွယ်နှင့် တင့်တယ်စံပယ်တော်မူသော မြတ်စွာဘုရား၏ရူပါအဆင်းတော် (သို့မဟုတ်) ရုပ်ပွားဆင်းတုတော်၊

(၄) **ပရိဘောဂစေတီ** (ဗောဓိပင်နှင့်တကွ မြတ်စွာဘုရား၏ အသုံးအဆောင်တော်၊ ပရိက္ခရာတော်များဖြစ်သည့် တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုပ်တော်၊ ဆံတော်၊ စသည်များ)၊

ဟူသည့် **စေတီလေးဆူ**တို့တွင် ပါဝင်သော ဗုဒ္ဓဘုရားရှင်၏ အသမ္ဘိန္န ဓာတ်တော်မြတ်ဖြစ်သည့် မကြာမီကာလတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ကြွရောက်အပူဇော်ခံမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်ဘုရား၏ **အထက်လက်ဝဲစွယ်တော်မြတ်**အား မျက်မြင်ဒိဋ္ဌ ပူဇော်ဖူးမြော်ကန်တော့ရာတွင်လည်းကောင်း၊ တာဝတိံသာနတ်ပြည်၊ နဂါးပြည်နှင့် သီရိလင်္ကာနိုင်ငံ စသည့် မြတ်ဒေသအသီးသီးတို့၌ ကိန်းဝပ်စံပယ်တော်မူကြသော မြတ်စွယ်တော်တို့အား ရည်ရွယ်မှန်းဆ၍လည်းကောင်း ရွတ်ဆိုပူဇော်သည့် အောက်ဖော်ပြပါ **လေးဆူစွယ်တော် မြတ်ပူဇော်ဂါထာတော်**ကို စွယ်တော်မြတ်ကို စိတ်ကြည်နူးချမ်းမြေ့စွာ ဖူးမြော်ပူဇော်ကြရင်း ရွတ်ဖတ်ပူဇော်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားလိုက်ပါသည်။

**"တာဝတိံသေ ကောဒါဌာ**
**ကော ဘုဇက ပူရကေ**
**ဂန္ဓာရေ ဒန္တ ပူရမှိ**
**တာပိ ဝန္ဒာမိ ဓာတုယော။ ။"**

**ကောဒါဌာ**- အထက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည်၊ **တာဝတိံ သေ**- တာဝတိံသာနတ်ပြည်၌၊ **တိဋ္ဌတိ**- တည်နေကိန်းဝပ်တော်မူ၏။ **ကော ဒါဌာ**- အောက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည် **ဘုဇက ပူရကေ**- နဂါးပြည်၌၊ **တိဋ္ဌတိ**- တည်နေကိန်းဝပ်တော်မူ၏။ **ကောဒါဌာ**- အထက် လက်ဝဲစွယ်တော်ဓာတ်တစ်ဆူသည်၊ **ဂန္ဓာရေ**- ဂန္ဓာရတိုင်း (ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံ)၌၊ **တိဋ္ဌတိ**- တည်နေ ကိန်းဝပ်တော်မူ၏။ **ကောဒါဌာ**- အောက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူသည်၊ **ဒန္တပူရမှိ**-ကလိင်္ဂတိုင်း ဒန္တပူရပြည်(ယခု သီရိလင်္ကာနိုင်ငံ)၌၊ **တိဋ္ဌတိ**- တည်နေကိန်းဝပ်တော်မူ၏။ **တာပိဓာတုယော**-ထိုတိုင်းပြည်နိုင်ငံ ဒေသဌာနတို့၌ တည်နေကိန်းဝပ်တော်မူသော မြတ်စွယ်တော် လေးဆူတို့ကို၊ **အဟံ**- တပည့်တော်သည်၊ **ဝန္ဒာမိ**- ဦးခေါင်းညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ ဘုရား။ ။



**မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့သော အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲတို့ကို တပ်ကုန်းမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီရုံး၌ ကျင်းပစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၈-၁၁-၂၀၁၁ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၁၅ | ၂။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်) |
| ၇း၂၅ | ၃။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၅။ | သံသာချိုအေးမင်္ဂလာတေး |
| ၇း၅၀ | ၆။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၀ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈း၁၀ | ၈။ | "အားကိုးအားထား" |
| ၈း၂၅ | ၉။ | အတီးပြိုင်ပွဲ |
| ၈း၃၅ | ၁၀။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၄၀ | ၁၁။ | International News |
| ၈း၄၅ | ၁၂။ | တန်ဆောင်တိုင်တေးများ |
| ၉း၀၀ | ၁၃။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၄း၃၀ | ၄။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၄း၄၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သမိုင်းအထူးပြု (သမိုင်း) |
| ၅း၀၀ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ | နေပြည်တော်ရေပန်းဥယျာဉ် (တိုးချဲ့)အပန်းဖြေစခန်း |
| ၅း၁၅ | ၈။ | တန်ဆောင်တိုင်တေးများ |
| ၅း၃၀ | ၉။ | ထင်ရှားကျော်ကြားသီချင်းများ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ |
| ၆း၃၅ | ၁၃။ | ဆိုလိုက်ကြစို့ |
| ၇း၀၀ | ၁၄။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ)(အပိုင်း-၁၅)** |
| ၈း၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | ထပ်မံဖူးမြော်မြတ်စွယ်တော် |
| | ၁၉။ | "ချိုမြိန်ရသာမုန့်ကမ္ဘာ" |
| | ၂၀။ | **အိန္ဒိယရုပ်ရှင် "ထပ်မပြောပါနဲ့တော့" (အပိုင်း-၃) (ဇာတ်သိမ်းပိုင်း)** |
| | ၂၁။ | အစီအစဉ်ပြီး၏။ |

## အထက(၉) မော်လမြိုင် မြတ်ဆရာပူဇော်မည်

**မော်လမြိုင် နိုဝင်ဘာ ၇**

ရှင်မဟာဗုဒ္ဓဃောသ အမျိုးသားကျောင်း ယခုအထက (၉) မော်လမြိုင်၏ မြတ်ဆရာပူဇော်ပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းအတွင်းရှိ ဦးသာညွှန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ညနေ ၆နာရီတွင် မော်လမြိုင်မြို့ မြေနီကုန်းရပ် Sun Shine Villa မြက်ခင်းပြင်၌ မိတ်ဆုံညစာစားပွဲကို ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

## မိတ္ထီလာတွင်(၄၁)ကြိမ်မြောက် မသိုးသက်န်းရက်ပြိုင်ပွဲနှင့် ဆွမ်းသပိတ်တစ်ထောင်ကျော် ကပ်လှူပူဇော်ပွဲ ကျင်းပမည်

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာမြို့ (၄၁)ကြိမ်မြောက် မသိုးသက်န်းရက်ခတ်ပြိုင်ပွဲနှင့် ဆွမ်းသပိတ်တစ်ထောင်ကျော် ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့)ထိ နဂါးရုံမဟာဗောဓိစေတီမြတ်၏ ရင်ပြင်တော်မွှာရုံဆောင်းတန်း၌ ကျင်းပမည်ဖြစ်ပြီး ရက်ကန်းစင်တော် ငါးစင်တွင် ပြိုင်ပွဲဝင်အသင်း ငါးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ပြိုင်ပွဲကို ညနေ ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

(၇၇၉)



## ဝမ်းတွင်းမြို့တွင် မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဝမ်းတွင်း နိုဝင်ဘာ ၇**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ နေပူကုန်းစံပြကျေးရွာ မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးမြင့်အေး၊ ဝမ်းတွင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးတင်ဇော်ဇော်အောင်နှင့် စာကြည့်တိုက် အဆောက်အအုံအလှူရှင် ဦးထွန်းကြည် (မြသဇင်အထည်စက်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ယင်းစာကြည့်တိုက်အဆောက်အအုံမှာ အလျား ပေ ၂၀ အနံ ပေ ၂၀ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အမျိုးအစားဖြစ်ပြီး စာကြည့်တိုက်အဆောက်အအုံနှင့် စားပွဲ၊ ဗီရို၊ စာအုပ်စင်၊ စာကြည့်ခုံများ အပါအဝင် တန်ဖိုးငွေကျပ် သိန်း ၁၁၀ ဖြစ်ကာ စာကြည့်တိုက်တွင် မျက်စိမှုန်သူများ စာလာကြည့်ပါက အဆင်ပြေနိုင်စေရန် စာကြည့်မျက်မှန် ပါဝါငါးဆယ်မှ ပါဝါသုံးရာထိရှိ မျက်မှန်အလက် နှစ်ဆယ်ကို ထားရှိပေးထားသည်။

နေပူတုန်းကျေးရွာသူ၊ ကျေးရွာသားများ စာပေဖတ်ရှုလေ့လာပြီး အသိပညာ ဗဟုသုတများတိုးပွားစေရန်နှင့် လူငယ်လူရွယ်များ ယဉ်ကျေးလိမ္မာသည့် လူတော်လူကောင်းလေးများ ဖြစ်လာစေရန် ရည်ရွယ်ပြီး မြသဇင်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်ဟု စာကြည့်တိုက် အဆောက်အအုံအလှူရှင် ဦးထွန်းကြည် (မြသဇင် အထည်စက်မိသားစု) က ဆိုသည်။

(၇၇၉)



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုနေ့တွင် ဝတ်စုံများထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၇**

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မိသားစုနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇေယျာသီရိမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒု-ဦးစီးမှူးများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ သံဃာတော်ငါးပါးအား ဆွမ်းဆက်ကပ်လှူဒါန်း၍ ရေစက်ချတရားနာပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက အမှာစကားပြောကြားပြီး ဝန်ထမ်း ၄၆ ဦးအတွက် ဆောင်းရာသီဝတ်အနွေးထည် တန်ဖိုးငွေကျပ် ၃၂၂၀၀၀ ထောက်ပံ့ပေးအပ်ကာ**(အပေါ်ပုံ)** နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

## အဲယားကွန်းဘတ်စ် အထူးယာဉ်များ စည်းကမ်းနှင့်အညီ ဆောင်ရွက်စေလို

**ရန်ကုန် နိုဝင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ ခရီးသွားပြည်သူများ သက်သောင့်သက်သာ ခရီးသွားလာနိုင်ရေးအတွက် အဲယားကွန်း ဘတ်စ် အထူးယာဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိရာ အဆိုပါအထူးယာဉ်များကို ထိုင်ခုံအပြည့်သာတင်ရန်နှင့် မတ်တတ်ရပ် စီးခရီးသည်များ မတင်ဆောင်ရန် ညွှန်ကြားထားသော်လည်း လုံးဝလိုက်နာခြင်းမရှိဘဲ ခရီးသည်များ ပြည့်ကျပ်ညပ်အောင် တင်ဆောင် မောင်းနှင်လျက်ရှိနေကြသည်။ အဲယားကွန်းဘတ်စ် အထူးယာဉ်ဟုဆိုသော်လည်း အဲယားကွန်း လုံးဝလွှတ်ထားခြင်းမရှိသည့်အပြင် ပြတင်းပေါက်များမှလည်း လေလုံလောက်စွာ မရရှိသည့်အတွက် အသက်ရှူမွန်းကျပ်ပြီး အချို့ခရီးသည်များမှာ မူးဝေအော့အန်လျက်ရှိသည်ကို မကြာခဏ တွေ့မြင်နေကြရသည်။

"အခေါ့်သမီးက မြို့ထဲက ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တာပါ။ အထူးယာဉ်တွေ ပေါ်ခါစကတော့ သွားရေးလာရေးအတော့်ကို အဆင်ပြေပါတယ်။ မိန်းမသားတွေအတွက် ဣန္ဒြေလည်း ရပါတယ်။ ခုနောက်ပိုင်းမှာတော့ အထူးယာဉ်တွေလည်း ရိုးရိုးဘတ်စ်ကားတွေလိုပါပဲ။ မထူးတော့ပါဘူး။ သမီး အလုပ်ကပြန်လာရင် ကားစီးရတာအဆင်မပြေတဲ့ အသံတွေ အမြဲကြားနေရပါတယ်" ဟု မိခင်တစ်ဦးက ပြောသည်။ ခရီးသည်တင် ဘက်စ်ကားများကို လေဝင်၊ လေထွက်ကောင်းအောင်နှင့် အထူးယာဉ်များကို အထူးယာဉ်အဂ်ါရပ်နှင့် ညီညွတ်အောင် သက်ဆိုင်ရာမှ အထူးကြပ်မတ်ပေးရန်နှင့် ခရီးသွားပြည်သူများ သက်သောင့်သက်သာ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရန် လိုလားလျက်ရှိကြောင်း သိရသည်။

(၆၈၂)

## အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း၌ မော်တော်ယာဉ် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၇**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း လေဆိပ်ရိပ်သာလမ်းသွယ်(၃) အိမ်အမှတ်(၄၇)နေ ဦးအောင်ကျော်မင်း (ဘ) ဦးစိန်တင်သည် တရုတ်နိုင်ငံ ထုတ်ဝက်စ်ဂွန်းအမျိုးအစား ၂ဂ/၄၇၇၄၁ အားနေအိမ်မှဆီထုတ်ရန် ဆီဆိုင်သို့အသွား ဝါယာရှော့ဖြစ်ပြီး အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီ ၂၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ ညနေ ၅ နာရီ ၄၃ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အုပ်ချုပ်မှုယာဉ် နှစ်စီး၊ မီးသတ်ယာဉ် တစ်စီး၊ ပေါင်းသုံးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ပြီး မီးလောင်မှုကြောင့် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုမရှိကြောင်း၊ ယာဉ်မောင်းနှင်သူအား ရဲစခန်းမှ ပ/၂၀၈၃/၂၀၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၈၅ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (မြင့်ဦး-အင်းစိန်)



## ပန်းတနော် အထက မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၇**

ပန်းတနော် အခြေခံပညာအထက်တန်းကျောင်း၏ အဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မြတ်ပညာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများနှင့် မျိုးဆက်သစ်ကျောင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ရန်ကုန်မြို့တွင် ဆရာကြီးဦးသိန်းရွှေ ဖုန်း-၀၁-၅၁၈၁၅၀၊ ဒေါက်တာအောင်ဇော်မြင့် ဖုန်း-၀၉-၅၀၀၂၁၄၁၊ ဦးအောင်ထွန်း ဖုန်း-၀၁-၂၄၂၂၄၉၊ ၂၅၃၅၄၉၊ ဦးထွန်းထွန်း ဖုန်း-၀၁-၂၈၄၈၉၆၊ ဦးတင်ညွန့် ဖုန်း-၀၁-၆၄၁၈၂၉၊ ဒေါ်မြသန်း ဖုန်း-၀၁-၂၀၀၀၉၆၊ ဦးမြင့်ဆွေ ဖုန်း-၀၁-၂၀၀၇၄၇ (EX-၁၄၁၀)၊ ပန်းတနော်မြို့တွင် ဒေါ်မြရီ(အထကကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၄၆-၃၀၃၈၁၊ ဦးစိန်ဝင်း ဖုန်း-၀၄၆-၃၀၀၈၉၊ ဦးတင်စိုး ဖုန်း-၀၄၆-၃၀၂၅၅၊ ဦးအေးမြင့် ဖုန်း-၀၄၆-၃၀၃၆၈နှင့် ဦးခင်မောင်ဇော် ဖုန်း-၀၄၆-၃၀၂၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

## စပါးနည်းပြ ဟာရီရက်နက်ပ် ငါးပတ်ခန့် အသင်းနှင့် ဝေးကွာရဦးမည်

**လန်ဒန် နိုဝင်ဘာ ၇**



*စပါးနည်းပြ ဟာရီရက်ပ်။*

စပါးနည်းပြ ဟာရီရက်နက်ပ်သည် နှလုံးအသေးစား ခွဲစိတ်မှုပြုလုပ်အပြီး အသင်းနှင့် ရက်သတ္တငါးပတ်မျှ ဝေးကွာရဦးမည်ဖြစ်သည်။

အသက် ၆၄ နှစ်အရွယ် ရက်နက်ပ်က ခွဲစိတ်မှုပြုလုပ်ပြီးနောက် နှစ်ပတ်အတွင်း အသင်းကို ပြန်လည်ကိုင်တွယ်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် ၎င်းအား ကုသပေးခဲ့သည့် ဆရာဝန်ကမူ ရက်သတ္တလေးပတ်၊ ငါးပတ်အကြာမှ ပြန်လည်လုပ်ဆောင်သင့်ကြောင်း အကြံပေးခဲ့သည်။ ၎င်းသည် ခွဲစိတ်မှုပြုလုပ်ပြီးနောက် နိုဝင်ဘာ ၄ ရက်က ဆေးရုံမှ ဆင်းခဲ့ရကြောင်း သိရသည်။

ထို့ပြင် ၎င်းသည် နိုဝင်ဘာ ၆ ရက် ညက လန်ဒန်ဒါဘီပွဲဖြစ်သည့် ဖူဟမ်နှင့် ပွဲတွင် ပါဝင်ကြီးကြပ်လိုသော်လည်း အပြည့်အဝ မကျန်းမာသေးသောကြောင့် တီဗွီဖန်သားပြင်မှသာ ကြည့်ရှုခဲ့ရသည်။ အဆိုပါပွဲအား လက်ထောက် မန်နေဂျာ ကီဗင်ဘွန်းနှင့် လက်ထောက်နည်းပြ ဂျိုးဂျော်ဒန်တို့က တာဝန်ယူကြီးကြပ်ခဲ့သည်။

ရက်နက်ပ်ကဲ့သို့ အလားတူခွဲစိတ်မှုကို ယခင်လီဗာပူးနည်းပြဟောင်း ဂရေမီဆူးနက်လည်း ၁၉၉၂ ခုနှစ်က ပြုလုပ်ခဲ့ရသည်။ ၎င်းသည် ဆေးရုံမှဆင်းပြီးနောက် မကြာမီ အက်ဖ်အေဖလားဖိုင်နယ်ပွဲစဉ်ကို ပြန်လည်ကိုင်တွယ်ခဲ့သည်။ ထို့အတူ မန်ယူနည်းပြ ဖာဂူဆန်သည်လည်း ၂၀၀၄ ခုနှစ်က အလားတူ ခွဲစိတ်မှုခံခဲ့ရသော်လည်း ဆေးရုံမှဆင်းပြီး ရက်အနည်းငယ်အတွင်း အသင်းကို ပြန်လည်ကိုင်တွယ်ခဲ့သည်။

ထို့ကြောင့် စပါးနည်းပြရက်နက်ပ်မှာ အသင်းအား အမြန်ဆုံး ပြန်လည်ကိုင်တွယ်နိုင်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ***အင်တာနက်။***

## ဂျက်စ်ရှော့ဒ်ဝဲလ်နှင့် ဒန်နီယယ် စတာရစ်ချ်တို့ အင်္ဂလန်လူစာရင်းတွင် ပါဝင်လာ

ဟိန်းထက်လင်း

**လန်ဒန် နိုဝင်ဘာ ၇**

အင်္ဂလန်အသင်းနည်းပြ ကာပယ်လို၏ ပထမပွဲထွက် လူစာရင်းတွင် ရှော့ဝဲလ်နှင့် စတာရစ်ချ်တို့ ပါဝင်လာကြောင်း သိရသည်။ ထို့ကြောင့်အသက် ၂၀ ရှိ အဲဗာတန်ကွင်းလယ်ကစားသမား ရှော့ဝဲလ်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး အသက် ၂၂ နှစ်ရှိ စတာရစ်ချ်တို့မှာ စပိန်အသင်း၊ ဆွီဒင်အသင်းတို့နှင့် ကစားရမည့် ခြေစမ်းပွဲများတွင် ပါဝင်ခွင့်ရရှိခဲ့သည်။

ဂွန်တယ်ရီမှာ ပြီးခဲ့သည့်လအတွင်းက ကျူပီအာနောက်ခံလူနှင့် ပဋိပက္ခဖြစ်ခဲ့သည့် ပြဿနာကြောင့် ရဲတပ်ဖွဲ့နှင့် အက်ဖ်အေတို့၏ စုံစမ်းစစ်ဆေးခြင်း ခံနေရသော်လည်း ကာပယ်လို၏ ပွဲထွက် ၂၅ ယောက်လူစာရင်းတွင် ပါဝင်ခဲ့သည်။

သို့သော် မန်ယူတိုက်စစ်မှူး ဝိန်းရွန်နေးမှာ ပွဲထွက်စာရင်းတွင် မပါဝင်ခဲ့ပေ။

### အင်္ဂလန်အသင်း၏ ပွဲထွက် ၂၅ ယောက် လူစာရင်း

ဂျိုးဟတ်(မန်စီးတီး)၊ စကော့ကာဆန်(ဘာစာစပေါ်)၊ ဒေးဗစ်စတော့ဒေး(အစ်ပ်စဝှစ်)၊ ဂလင်းဂျွန်ဆင်(လီဗာပူး)၊



***ဒန်နီယယ်စတာရစ်ချ်။***

ဖီးဂျုန်း(မန်ယူ)၊ ဂယ်ရီကာဟေးလ်(ဘော်လ်တန်)၊ ဂျွန်တယ်ရီ(ချယ်လ်ဆီး)၊ အက်ရှ်လေကိုး(ချယ်လ်ဆီး)၊ လစ်တန်ဘိန်းစ်(အဲဗာတန်)၊ ဖီးလ်ဂျန်ဂယ်ကာ(အဲဗာတန်)၊ ဂျိုလီယွန်လက်စကော့(မန်စီးတီး)၊ ကိုင်လီပေါ်ကာ(စပါး)၊ ဂရန့်လမ်းပတ်(ချယ်လ်ဆီး)၊ ဂျက်ခ်ရှော့ဒ်ဝဲလ်(အဲဗာတန်)၊ စတီးဝပ်ဒေါင်းနင်း(လီဗာပူး)၊ ဂါရတ်ဘယ်ရီ (မန်စီးတီး)၊ အဒမ်ဂျွန်ဆင်(မန်စီးတီး)၊ ဂျိမ်းမေလ်နာ(မန်စီးတီး)၊ စကော့ပါကာ(စပါး)၊ သီယိုဝဲလ်ကော့(အာဆင်နယ်)၊ ဒါရင်ဘန့်(ဗီလာ) ဒန်နီယယ်စတာရစ်ချ်(ချယ်လ်ဆီး)၊ ဂါဘရီယယ် အဘွန်လဟော်(ဗီလာ)၊ ဘော်ဘီဇာမိုရာ(ဖူဟမ်)၊ ဒန်နီဝဲလ်ဘက်(မန်ယူ)။

***အင်တာနက်။***

## ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရသူများ

- လီဗာပူးကွင်းလယ်ကစားသမား ချာလီအဒမ် ဒူးဒဏ်ရာကြောင့် အနားယူရမည်။
- အက်စတွန်ဗီလာနောက်ခံလူ အလန်ဟတ်တန် ဒူးဒဏ်ရာကြောင့် အနားယူရမည်။
- ဝက်စ်ဘရွန်း ကွင်းလယ်ကစားသမား ဂရေဟမ်ဒေါ်ရန်နှင့် နော့ဝှစ်နောက်ခံလူ ရတ်ဆယ်လ်မာတင်တို့ ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူရမည်။
- ရိုန်းဂျားစ်နောက်ခံလူ ဝေါလ်လေ့စ် ပေါင်ဒဏ်ရာကြောင့် အနားယူရမည်။

***အင်တာနက်။***

## မိတ္ထီလာတွင် မိုးသက်လေပြင်းကျ၊ မိုးသီးများကြွေ၊ သစ်ပင်များပြိုလဲ၊ လျှပ်စစ်မီးကြိုးများနှင့် တယ်လီဖုန်းကြိုးများ ပြတ်တောက်

**မိတ္ထီလာ နိုဝင်ဘာ ၇**

မိတ္ထီလာမြို့တွင် အောက်တိုဘာ ၃၁ ရက် ညနေက မိတ္ထီလာ တောင်ပုလုကားလမ်း ညောင်ဖောက်ကျေးရွာတွင် လေပြင်းကျရောက်သဖြင့် အိမ်ငါးလုံး သွပ်မိုးများ လန်သွားခဲ့သည်။ မိတ္ထီလာမြို့နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့က ငွေကျပ်နှစ်သောင်းခွဲ ထောက်ပံ့ပေးအပ်ပြီး နိုဝင်ဘာ ၂ ရက် ညနေ ၅ နာရီခန့်တွင် မိုးသက်လေပြင်း တိုက်ခတ်ခဲ့သဖြင့် ဈေးအရှေ့ပြင်ရပ်ကွက် စည်သူချောင်းကို ကာရံထားသည့် အရှည် ၇၂ ပေ၊ အမြင့် ၅ ပေရှိ အုတ်တံတိုင်းမှာ ပြိုကျပျက်စီးခဲ့သည်။ အုတ်တံတိုင်းပေါ်တွင် ကြော်ငြာထားသည့် စီးပွားရေးကြော်ငြာ ဆိုင်းဘုတ်ကြီးလေးခုမှာလည်း ပျက်စီးကာ စည်သူချောင်းအတွင်း ကျရောက်ခဲ့သည်။ ဈေးခေါင်းရုံးအတွင်းရှိ ပိတောက်ပင်ကိုင်းကျ၍ လျှပ်စစ်မီးတိုင် ကျိုးကျပျက်စီးခဲ့သည်။ တယ်လီဖုန်းတိုင်တစ်တိုင်လည်း ခါးကျိုးပျက်စီးခဲ့သည်။ အမက(၃)အတွင်းရှိ အော်ရေရှားပင်၊ ထင်းရှူးပင်များကျိုးကျခဲ့သည်။ မီးရထားဝင်းအတွင်းရှိ အမြင့်ပေ ၅၀ ရှိ လဲပင်မှာလည်း ကျိုးကျခဲ့သည်။

မြို့မလေးရပ်ကွက်၊ မင်းရပ် စာတိုက်လမ်းရှိ ဦးညီညီ နေအိမ်မှာလည်း သွပ် ၁၅ ချပ် အတွဲလိုက် လေလန်သွားခဲ့သည်။ ဦးညီညီအား သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ပေးအပ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးကျခြင်းနှင့် တယ်လီဖုန်းကြိုးများ၊ လျှပ်စစ်မီးကြိုးများ ပြတ်တောက်သွားခဲ့သည်။ စည်သူချောင်းကာရံထားသည့် တံတိုင်းပြိုကျ၍ ကျပ် ၄၃၀၀၀၀ ဖိုး ဆုံးရှုံးပျက်စီးသွားသည်။ မိုးရွာသွန်းစဉ် ဆီးဖြူသီးခန့် မိုးသီးများလည်း ကြွေကျခဲ့သည်။ ဆေးရုံအနီး အောင်မင်္ဂလာရပ်ကွက်ရှိ ထရန်စဖော်မာမှ ဖြူးပြတ်သွား၍ လျှပ်စစ်ဝန်ထမ်း တင်ဇော်ဝင်းက တက်ရောက်ပြင်စဉ် ပြုတ်ကျ၍ နဖူးကွဲသွားပြီး ဒဏ်ရာရရှိသွား၍ ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။

မိတ္ထီလာမြို့တွင် နိုဝင်ဘာ ၂ ရက်ညနေက လေပြင်းတိုက်ခတ်သွား၍ သစ်ပင်များအား လမ်းသွားလမ်းလာများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်အုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးထင်ကျော်တို့သည် ညတွင်းချင်း သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လျှပ်စစ်ကြိုးများ သွယ်တန်းခြင်း၊ တယ်လီဖုန်းကြိုးများ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

(၁၁၁)

## အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြု၍ ရန်ကုန်နှင့် မန္တလေးတို့မှ နေပြည်တော်သို့ ခရီးရှည်စွမ်းရည်ပြမည်

**ရန်ကုန်　နိုဝင်ဘာ　၇**

လာမည့် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မသန်စွမ်းသူများ၏ ခရီးရှည် စွမ်းရည်ပြသမည့် အစီအစဉ်ကို စီစဉ်ထားကြောင်း ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ သိရသည်။

"မနှစ်တုန်းက ရန်ကုန်ကနေ နေပြည်တော်သွားတဲ့ခရီးစဉ်ပဲရှိတယ်။ ဒီနှစ်မှာတော့ ရန်ကုန်ကနေ နေပြည်တော်ကိုသွားတဲ့ ခရီးစဉ်အပြင် မန္တလေးကနေ နေပြည်တော်ကိုသွားတဲ့ခရီးစဉ်ကိုလည်း ထပ်တိုးထားတာ ဖြစ်ပါတယ်" ဟု ယင်းဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ ရန်ကုန်-နေပြည်တော်ခရီးကို အဆိုပါဖောင်ဒေးရှင်း၏ ရုံးချုပ်ဖြစ်သော လမ်းမတော်မြို့နယ် ဗဟိုရ်စည်အိမ်ရာအနီးမှ နိုဝင်ဘာ ၂၅ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ရာ လမ်းတစ်လျှောက်တွင် ထောက်ကြန့်၊ ပဲခူး၊ ဒိုက်ဦး၊ ကျောက်တံခါး၊ အုတ်တွင်း၊ ရေတာရှည်၊ လယ်ဝေးစသော မြို့များ၌ တစ်ညစီညအိပ်ရပ်နားမည်ဖြစ်ပြီး ယခင်လမ်းဟောင်းမှ မိုင် ၂၄၀ ရှိသော ခရီးကို စက်ဘီး၊ ဝှီးချဲများဖြင့် မသန်စွမ်းကိုးဦးက သွားရောက်ဖို့ စီစဉ်ထားခြင်းဖြစ်ကြောင်း၊ မန္တလေး-နေပြည်တော် ခရီးစဉ်ကို အဆိုပါဖောင်ဒေးရှင်း၏ မြန်မာနိုင်ငံအထက်ပိုင်းရုံးခွဲရှိရာ မန္တလေးမြို့ (၃၃)လမ်း၊ (၆၇ × ၆၈) လမ်းကြားမှ နိုဝင်ဘာ ၂၆ ရက်တွင် စတင်ထွက်ခွာမည်ဖြစ်ကာ လမ်းတစ်လျှောက်တွင် ကျောက်ဆည်၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနားမြို့နယ်များ၌ တစ်ညစီ ညအိပ်ရပ်နားမည်ဖြစ်ပြီး ယခင်လမ်းဟောင်းမှ မိုင်ပေါင်း ၁၉၂ မိုင်ရှိသော ခရီးကို စက်ဘီး၊ ဝှီးချဲများသုံး၍ မသန်စွမ်းခုနစ်ဦးက သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။ ထိုခရီးစဉ်နှစ်ခုစလုံးမှာ နေပြည်တော်သို့ ဒီဇင်ဘာ ၂ ရက်တွင် ရောက်ရှိကြမည်ဖြစ်သည်။ (၆၈၀)

## ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၀၆၄၁ ဧက ဖျက်ဆီးနိုင်ခဲ့

**ရန်ကုန်　နိုဝင်ဘာ　၇**

မူးယစ်ဆေးဝါးဟူသည် လူသားထုတစ်ရပ်လုံးအတွက် ကြီးမားသည့်အန္တရာယ်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူညွန့်တုံးစေသည်။ လောဘကိုသာ ရှေ့တန်းတင်သည့် သူများမှာမူ ဆုတ်ယုတ်ပျက်စီးမှုကို အလေးမမူ၊ မူးယစ်ဆေးဝါးများကို နည်းမျိုးစုံဖြင့် စိုက်ပျိုးထုတ်လုပ်၊ သယ်ဆောင်ရောင်းဝယ်ဖြန့်ဖြူး နေကြသည်။

တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဒေသအာဏာပိုင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အစဉ်တစိုက် ပူးပေါင်းဖျက်ဆီးလျက်ရှိသည်။

ယင်းကဲ့သို့ ဖျက်ဆီးခဲ့သဖြင့် ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ တစ်နိုင်ငံလုံးတွင် ဘိန်းခင်း ၁၃၈၅ ဒသမ ၅၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး အောက်တိုဘာ ၂၁ ရက်မှ ၃၁ ရက်အထိ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်အတွင်း ၅၆၇၇ ဧက၊ ဖယ်ခုံမြို့နယ်အတွင်း ဧက ၂၈၃၀၊ ဆီဆိုင်မြို့နယ်အတွင်း ၁၉၆ ဧက၊ လွိုင်လင်မြို့နယ်အတွင်း ၂၉၃ ဧက၊ ဟိုပုံးမြို့နယ်အတွင်း ဧက ၁၄၀၊ တောင်ကြီးမြို့နယ်အတွင်း ၉၁ ဒသမ ၅ ဧကနှင့် မိုင်းပျဉ်းမြို့နယ်အတွင်း ၂၈ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့ရာ ၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း စုစုပေါင်း ဘိန်းခင်း ၁၀၆၄၁ ဒသမ ၀၅ ဧက (၄၃၀၆ ဒသမ ၃၇ ဟက်တာ) ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။ (ကိုချစ်)

## ပြည်သူ့ထံမှ ပေးစာများ

### အမှိုက်ပုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၉)ရပ်ကွက် တနင်္သာရီလမ်းနှင့် နံ့သာမြိုင်လမ်းထောင့် အမက(၃)ဘေး၌ ရှိသော အမှိုက်ပုံသည် အနံ့ဆိုးနှင့် ခြင်၊ ယင်၊ ကြွက်များ ပေါက်ဖွားနေခြင်းကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ ကျန်းမာရေးထိခိုက်စေပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူ**

■ ■ ■ ■ ■ ■

### အုတ်တံတိုင်းခတ် ရေသွားမြောင်းပိတ်ဆို့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက် စောမဟာလမ်းရှိ နေအိမ်သည် စည်ပင်မြေပေါ် ကျူးကျော်၍ အုတ်တံတိုင်းကာရံထားရာ ယခင် ရပ်ကွက်ရေမြောင်းပိတ်ဆို့နေပါသဖြင့် အမှိုက်သရိုက် အညစ်အကြေး ရေဆိုးများ စီးဆင်း၍ မရတော့ပါ။ လမ်းအတွင်းနေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသဖြင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

■ ■ ■ ■ ■ ■

### သတ်မှတ်ဈေးတွင် ရောင်းချစေလို

**စာတည်းရှင့်-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဗိုလ်မင်းရောင်လမ်းနှင့် တပင်ရွှေထီးလမ်းဆုံအနီး (၄၁) ရပ်ကွက် အတွင်းဘက်လမ်းပေါ်၌ ဟင်းသီးဟင်းရွက်၊ သားငါး၊ ငါးပိ၊ ငါးခြောက်များ ရောင်းချနေပါသဖြင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါ၍ သတ်မှတ်ထားသည့် (၄၀) ရပ်ကွက် အမှတ်(၄) ဈေးတွင် ရောင်းချစေရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသွား၊ လမ်းလာများ**

■ ■ ■ ■ ■ ■

### ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်စေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဇော်ဘွားကြီးကုန်းရပ်ကွက် (၁၀)မိုင်ကုန်းရှိ မြဝတီမင်းကြီးလမ်းမပေါ်တွင် သား၊ ငါးများ ရောင်းချလျက်ရှိရာ အပုပ်နံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ် ရှူရှိုက်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာသန့်ရှင်းလိုသူ**



## သင်္ဘောဖြင့်ပါလာသော ဂျပန်ကားများ စာရွက်စာတမ်းစုံလင်ပါက ချက်ချင်းထုတ်ယူနိုင်

ရန်ကုန်　နိုဝင်ဘာ　၇

**နိုဝင်ဘာ ၅ ရက် ညနေပိုင်းက ကားသင်္ဘော "OCEAN BLUE" ဖြင့် ပါလာသည့် ကားများကို ပိုင်ရှင်များအနေဖြင့် စာရွက်စာတမ်းများ စုံလင်မှုရှိပါက ချက်ချင်းထုတ်ယူနိုင်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။**

**အထောက်အထားများ**

"စာရွက်စာတမ်းစုံတာနဲ့ ထုတ်လို့ရပါပြီ"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုသို့ ကားများလာရောက်ထုတ်ယူရာတွင် ဆူးလေဆိပ်ကမ်း၌ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ပိုင်ရှင်သို့မဟုတ် ပိုင်ရှင်၏ကိုယ်စားလှယ်မှ ထုတ်ယူနိုင်သလို ကားထုတ်ယူရန် ပိုင်ရှင်၏ ယာဉ်မောင်းတို့မှအပ အခြားမည်သူ့ကိုမျှ ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ဆိပ်ကမ်းသို့ ဝင်ရောက်ရန် ကုန်ထုတ်ပေးခွင့်အမိန့် (Delivery Order)၊ ကုန်ပစ္စည်းထုတ်ယူသူ၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊ ပိုင်ရှင်ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်းနှင့်မိတ္တူ၊ ပိုင်ရှင်၏ မှတ်ပုံတင်မူရင်းနှင့် မိတ္တူ စသော အထောက်အထားများပါရှိမှသာ ဆိပ်ကမ်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း၊ မော်တော်ကားများထုတ်ယူရာတွင် အထောက်အထား စာရွက်စာတမ်းများ အဖြစ် သင်္ဘောကိုယ်စားလှယ်ဌာနမှ ကုန်ထုတ်ခွင့်အမိန့် (Delivery Order)၊ ပိုင်ရှင်ကိုယ်တိုင်မဟုတ်ပါက ကိုယ်စားလှယ်လွှဲစာ (General/Special Power)၊ ပစ္စည်းပိုင်ရှင်၏ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ ပစ္စည်းထုတ်ယူမည့် သူ၏ နိုင်ငံသား မှတ်ပုံတင်မိတ္တူ၊ ကုန်တင်ပို့လွှာ (Bill of Lading) မိတ္တူ၊ ငွေသွင်းပြေစာ(Chellan)၊ သွင်းကုန်ကြေညာလွှာ (Import Declaration) မိတ္တူ၊ သွင်းကုန်လိုင်စင် (Import License) မိတ္တူ၊ ဓာတ်ပုံမှတ်တမ်း စသည်တို့ လိုအပ်ကြောင်း သိရသည်။ ထိုအထောက်အထားများလိုအပ်သည်ကို အများသိရှိစေရန် ဆိပ်ကမ်းရှိ ဂိတ်စခန်းများ၌ ထင်သာစွာမြင်နိုင်ရန် ဗီနိုင်းဖြင့် ချိတ်ဆွဲထားမည်ဟု သိရသည်။ (၆၈၀)

## ရေချိုငါးပြည်ပတင်ပို့မှု နှစ်စဉ်တိုးတက်လျက်ရှိ

**ရန်ကုန်　နိုဝင်ဘာ　၇**

မြန်မာနိုင်ငံမှ ရေချိုငါး ပြည်ပသို့ တင်ပို့ရာတွင် နှစ်စဉ် ပုံမှန်တိုးတက်လျက်ရှိကြောင်း ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ပြည်ပနိုင်ငံများသို့ ရေချိုငါးတင်ပို့ရာတွင် နှစ်စဉ်ပုံမှန်တိုးတက်လျက်ရှိပြီး ၂၀၁၀-၂၀၁၁ တွင် တင်ပို့ငါးတန်ချိန်မှာ လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ယခင်နှစ်များကထက် ပိုမိုရရှိခဲ့ကြောင်း၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ရပြီး ယခုအခါ ယူအေအီး၊ ကူဝိတ်နှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ အများဆုံးတင်ပို့သည့်ငါးမှာ ငါးမြစ်ချင်းဖြစ်ပြီး ဒုတိယ ငါးကြင်းဖြူ၊ တတိယ ငါးခေါင်းပွနှင့် စတုတ္ထ ရွှေဝါငါးကြင်းတို့ တင်ပို့ရကြောင်း သိရသည်။

အဆိုပါ နိုင်ငံများအပြင် အခြားနိုင်ငံများသို့ပါ ရေချိုငါးတိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်း ဆောင်ရွက်နေသကဲ့သို့ ဈေးကွက်ပျောက်မသွားအောင်လည်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ငါးမွေးမြူသူများအနေဖြင့်လည်း နည်းပညာ တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ပြီး ထုတ်လုပ်မှုစရိတ် လျော့ကျအောင်လည်း ဆောင်ရွက်သင့်ကြောင်းဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက သတင်းအဖွဲ့သို့ ရှင်းပြသည်။ (ညွှန့်သန်း)

## မဟာဗန္ဓုလတံတားပေါ် ကုန်သေတ္တာတင်ယာဉ် မီးလောင်

**ရန်ကုန်　နိုဝင်ဘာ　၇**

ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားပေါ်တွင် ကုန်သေတ္တာတင်ယာဉ်တစ်စီး မီးလောင်ကျွမ်းသော ဖြစ်စဉ်တစ်ခု နိုဝင်ဘာ ၅ ရက် ညနေ ၆ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဗန္ဓုလတံတားပေါ်တွင် ဗိုလ်တထောင်ဘက်မှ ဒေါပုံဘက်သို့ ယာဉ်မောင်း ဆန်းဝင်း (ဘ)စိုးဝင်းဟန် မောင်းနှင်လာသော ကုန်သေတ္တာတင်ယာဉ်အမှတ် ၂ခ/၁၈၇၅ သည် ဒေါပုံဘက်အဆင်းလမ်းသို့အရောက် ကားခေါင်းပိုင်း ဝါယာရှော့မှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်တပ်ဖွဲ့ယာဉ်များက လာရောက်ငြိမ်းသတ်ခဲ့သဖြင့် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်မောင်းဆန်းဝင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး သက်ဆိုင်ရာမှ (ပ)၃၅၁/၂၀၁၁၊ ပုဒ်မ ၂၈၅ ဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၄၉)



## ကန်ကြီးထောင့်၌ ယာဉ်တိုက်မှုကြောင့် သားအမိနှစ်ဦးသေဆုံး

**ရန်ကုန်　နိုဝင်ဘာ　၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် သားအမိနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်မှ ပုသိမ်သို့ မောင်းနှင်လာသော တိုယိုတာ ဆလွန်းခဲပြာရောင် ယာဉ်သည် ကန်ကြီးထောင့်မြို့နယ် ပုသိမ်-မုံရွာလမ်းရှိ ကြိမ်ချောင်းတံတားအနီး မိုင်တိုင်အမှတ် (၂၁/၃)နှင့်(၂၁/၄)အကြား၌ ရှေ့ဘီးပေါက်၍ ယာဉ်မှာ လမ်းလက်ယာဘက်သို့ ဆွဲသွားပြီး ဒါးကကျေးရွာမှ ပြန်လာသော သားအမိနှစ်ဦးအား တိုက်မိသဖြင့် ပွဲချင်းပြီး သေဆုံးခဲ့သည်။

သေဆုံးသွားသူများမှာ ကန်ကြီးထောင့်မြို့နယ် အောင်မာယရိုးကြီးကျေးရွာမှ ဒေါ်စန်းစန်းအေး(ခ) မိစိန်အေး အသက်(၄၀)နှစ်(ဘ) ဦးထွန်းလှိုင်နှင့် သားဖြစ်သူ မောင်ဖြိုးစည်သူ(ခ) ဇာနည်အောင် အသက်(၁၁)နှစ်(ဘ) ဦးသက်နိုင်ဝင်းတို့ဖြစ်သည်။ ယင်း ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ဒါးကရဲစခန်းက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

## သန်လျင်မြို့နယ်၌ ခရီးသည်တင်ဘတ်စ်ကား မီးလောင်မှုဖြစ်ပွား

**ရန်ကုန်　နိုဝင်ဘာ　၇**

ခရီးသည်တင်ဘတ်(စ်)ကား မီးလောင်ရာမှ လာရောက် ငြိမ်းသတ်သော မီးသတ်တပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်တစ်ခု ရန်ကုန်မြို့ သန်လျင်မြို့နယ်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် သန်လျင်မြို့မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း မြတ်ကိုကိုမောင်းနှင်လာသော ပါရမီ(၁၇၃)ယာဉ်လိုင်းမှ ယာဉ်အမှတ် ၉ခ/၃၈၈၇ သည် ကျိုက်ခေါက်ဘုရားလမ်းနှင့် သရက်ပင်ကျောင်းလမ်းဆုံသို့ အရောက်တွင် ဘက်ထရီရှော့ဖြစ်ရာမှ မီးလောင်ကျွမ်းခဲ့ရာ လာရောက်မီးငြိမ်းသတ်သော သန်လျင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးသည် အဆိုပါ မီးလောင်ကျွမ်းနေသော ကားအတွင်းမှ ဂတ်(စ်)အိုးပေါက်ကွဲမှုကြောင့် အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ မီးသတ်တပ်ဖွဲ့ဝင် ငါးဦးအနက် နှစ်ဦးမှာ မျက်စိထိခိုက်ခဲ့သဖြင့် ရန်ကုန်မျက်စိဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ရပြီး ကျန်သုံးဦးမှာ သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသလျက်ရှိကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ၎င်းယာဉ်ပေါ်ပါ ဖိုက်ဘာဂတ်(စ်)အိုး ရှစ်လုံးအနက် တစ်လုံးမှာ ပျက်စီးသွားခဲ့ပြီး ကားပေါ်ရှိ ခရီးသည်တင်ထိုင်ခုံများ၊ ကားကိုယ်ထည်များမှာ ကာလတန်ဖိုးကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မြတ်ကိုကို(ဘ)ဦးယုလွင် (၃၅) နှစ်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး သက်ဆိုင်ရာမှ (ပ)၈၇၇/၂၀၁၁၊ ပုဒ်မ ၂၈၅၊ ၂၈၆၊ ၃၃၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၄၉)



## စိန်လင်း(ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ မျှော်လင့်ခြင်းသည်ရင်မှာ စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)၏ မျှော်လင့်ခြင်းသည်ရင်မှာစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

၎င်းစာအုပ်မှာ ရင်သားကင်ဆာဖြစ်ပွားခဲ့သူ မာဂျစ်အက်ဆာပေါ်တာ (အသက်-၃၄နှစ်)က ဘဝတူ ရင်သားကင်ဆာခံစားနေရသော ဝေဒနာရှင်များနှင့် တွေ့ဆုံပြီး ၎င်းတို့ပြောပြသော ခံစားချက်များ၊ အတွေ့အကြုံများ၊ မျှော်မှန်းချက်များကိုစုစည်း၍ ရေးသားဖော်ပြထားသော စာအုပ်ဖြစ်သည်။

စာရေးသူ စိန်လင်း (ခွဲစိတ်နှင့် ကင်ဆာပါရဂူ)က ၎င်းစာအုပ်မှာ ရင်သားကင်ဆာဟု သိလိုက်ရသည်နှင့် စိတ်တည်ငြိမ်အေးချမ်းစွာ ကုသမှုခံယူရန်၊ ဘဝတူ ဝေဒနာရှင်များ၏ အတွေ့အကြုံနှင့် မျှော်လင့်ခြင်းများကို မျှဝေခံစားနိုင်ရန်၊ ကုသနည်းများဖြစ်သည့် ခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ဆေးဝါးများဖြင့် ကုသခြင်း၊ ရင်သားပြန်လည်အစားထိုးခြင်းများကိုလည်း ကြောက်စရာမလိုဘဲ သိရှိနားလည်သွားစေရန် ရှင်းလင်းတင်ပြပေးထားကြောင်း၊ ရင်သားကင်ဆာသည် တခြားကင်ဆာများနှင့် သဘာဝချင်းမတူသည်မှာ သေချာစွာ ကုသမှုခံယူပါက ပျောက်ကင်းသက်သာနိုင်သည်ဟု ဖော်ပြပေးထားကြောင်း၊ ၎င်းစာအုပ်ကို ဖတ်ရှုပြီးသွားလျှင် ဝေဒနာရှင်များအနေဖြင့် "ဒီရောဂါ ငါ့ကိုမှ လာဖြစ်ရလေခြင်း၊ ငါကံဆိုးလေခြင်း" ဟု မတွေးမိတော့ဘဲ အစိုးမရသည့် လောကကြီးတွင် သတိနှင့်အတူ နေသည့်စိတ်၊ တည်ငြိမ်အေးချမ်းသည့်စိတ်နှင့် ဘဝဆည်းဆာကို တရားရှုမှတ်အားဖြင့် အကောင်းဆုံးရင်ဆိုင်သွားနိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် အမှာစကားရေးသားထားသည်။

■ ■ ■ ■ ■ ■

## ဖိုးဝလုံး၏ Windows 7 ++ Double Plus စာအုပ်ထုတ်ဝေဖြန့်ချိ



ကွန်ပျူတာတွင် လက်ရှိခေတ်ပေါ် Windows 7နှင့်ပတ်သက်ပြီး စာအုပ်ပေါင်းစုံထွက်ရှိခဲ့ပြီး ဖြစ်သည်။ ယခု ဖိုးဝလုံး၏ စာအုပ်သည် Windows စာအုပ်များထဲမှ ပြီးပြည့်စုံသည့် စာအုပ်တစ်အုပ်ဟု မဆိုနိုင်သော်လည်း အတော်အသင့် လွယ်ကူစွာ နားလည်နိုင်အောင် ရေးသားထားကြောင်း တွေ့ရသည်။ Bios, Installation, Dual Boot, Feature, System, Networking စသည့် ကဏ္ဍများပါဝင်ပြီး Windows 7 နှင့် Windows XP ကို Dual Boot အနေဖြင့် ကွန်ပျူတာနှင့်တွဲတင်ပုံပါ ရေးသားပေးထားသည်။

၎င်းစာအုပ်တွင် အထူးဖော်ပြပေးထားသည်က Feature အသစ်အကြောင်း၊ System ပိုင်းဆိုင်ရာ Feature အကြောင်း၊ Version အရ မကိုက်ညီသည့် ပရိုဂရမ်များကို Windows 7မှာ အသုံးပြုနိုင်အောင် ပြုလုပ်ခြင်းအကြောင်းများအပြင် Windows 7 တင်ထားသော ကွန်ပျူတာကို Networking ချိတ်ဆက်အသုံးပြုရာမှာ သိသင့်သိထိုက်သည်များကို ဖော်ပြထားသည်။

ဖိုးဝလုံး၏ Windows 7 ++ Double Plus စာအုပ်နှင့်အတူ Software များပါဝင်သည့် CD ခွေကိုလည်း ပူးတွဲထည့်သွင်းပေးထားသည်။

ရောင်းဈေး ငွေကျပ် ၅၀၀၀ ဖြစ်ပြီး ခေတ်သစ်စာပေ အမှတ် (၄၇၀) မဟာဗန္ဓုလလမ်း (၃၁ လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းကြား) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၉၆၈ မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။

■ ■ ■ ■ ■ ■

## ဒေါက်တာတင်အောင်အေး၏ ကဝိလက္ခဏာ ဥပဒေရေးရာအဖွင့်စာအုပ် ထုတ်ဝေဖြန့်ချိ



နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးတာဝန်ကို ထမ်းဆောင်ခဲ့သော ဥပဒေပညာရှင်တစ်ဦးဖြစ်သည့် ဒေါက်တာတင်အောင်အေး ရေးသားသော ကဝိလက္ခဏာ ဥပဒေရေးရာ အဖွင့်စာအုပ်ကို တတိယအကြိမ်အဖြစ် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်က ထုတ်ဝေဖြန့်ချိလိုက်သည်။

ကုန်းဘောင်ခေတ်စိန္တကျော်သူဘွဲ့ရ ရွှေတောင်ရာဇကျော်ဘွဲ့ခံ ဦးဩ သီကုံးရေးဖွဲ့သော"ကဝိလက္ခဏာ သတ်ပုံကျမ်း" သံပေါက်လင်္ကာ(၁၇၉၃)ပိုဒ်မှ တရားဥပဒေရေးရာနှင့် သက်ဆိုင်သော လင်္ကာ ၁၉ ပုဒ်ကို ရွေးထုတ်ပြီး အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးသားထားခြင်းဖြစ်ရာ မြန်မာစာပေနယ်ပယ်၌ ရှားရှားပါးပါး ထူးထူးခြားခြား စာအုပ်တစ်အုပ်ဖြစ်သည်။ အမှာစာရေးသားပေးထားသော မောင်ခင်မင်(ဓနုဖြူ)က ဆရာကြီး ဒေါက်တာတင်အောင်အေး၏ "ကဝိလက္ခဏာ ဥပဒေရေးရာအဖွင့်"ကျမ်းသည် မြန်မာစာပေလေ့လာသူများအတွက် လည်းကောင်း၊ ဥပဒေပညာလေ့လာသူများအတွက် လည်းကောင်း အလေးအမြတ်ရည်ညွှန်းကိုးကားဖွယ် ကျမ်းတစ်စောင်အဖြစ် အသက်ဝင်လျက်ရှိနေပါလိမ့်မည်ဟု ညွှန်းဆိုထားပေသည်။ နိုင်ငံ့ဂုဏ်ရည်စာပေတိုက် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ဖုန်း-၀၉-၇၃၂၀၁၉၁၁ နှင့် မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

# ဥပ္ပါတသန္တိစေတီတော်အတွင်း ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်မိသားစု လာရောက်ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဇနီး ဒေါ်ခင်လေးသက်နှင့် မိသားစုတို့သည် ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အတွင်း ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗုဒ္ဓမြတ်စွယ်တော်အား ပန်းဆက်ကပ်လှူဒါန်းပြီး ဇနီး ဒေါ်ခင်လေးသက်နှင့် မိသားစုတို့နှင့်အတူ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် စေတီတော်လိုဏ်အတွင်း လှည့်လည်ကြည်ညိုကာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)





**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်တို့ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အတွင်း ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

# ဥပ္ပါတသန္တိစေတီတော်၌ ဗုဒ္ဓမြတ်စွယ်တော်ဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကား

# ဓမ္မပူဇာတေးများ၊ ဝတ်အသင်းများ၏ ဝတ်ရွတ်စဉ်များ၊ ဂုဏ်တော်များဖြင့် ရွတ်ဆိုပူဇော်

## အလှူခံပုံးများနှင့် အလှူခံမဏ္ဍပ်များသို့ အလှူတော်ငွေများနှင့် ရွှေငွေကျောက်မျက်ရတနာများ လာရောက်လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၇**

မြန်မာနိုင်ငံ တစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း အရှေ့အရပ်ရှိ မဟာမဏိမယ ဂေါတမဗုဒ္ဓပဋိမာ ရတနာကျောက်စိမ်းရုပ်ပွားတော်မြတ်ရှေ့၌ ယာယီသီတင်းသုံး စံပယ်အပူဇော်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ ညပိုင်းအထိ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ သက်သောင့်သက်သာစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ရာဇဌာနီလမ်း တောင်ဘက်မုခ်ဦး ယာဉ်ရပ်နားကွင်းမှ ဥပ္ပါတသန္တိကုန်းတော်ခြေရင်းအထိ ပို့ဆောင်ရေးဆပ်ကော်မတီက မော်တော်ယာဉ်ကြီးများဖြင့် အခမဲ့ကုသိုလ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထို့အပြင် ဘုရားဖူးလာပြည်သူများ အမောပြေလန်းဆန်းစေရန်အတွက်လည်း KTM သောက်ရေသန့်ကုမ္ပဏီက ရေသန့်ဘူးကြီးများဖြင့် နေ့စဉ် ကုသိုလ်ယူလှူဒါန်းလျက်ရှိသည်။

အလားတူ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မင်္ဂလာရွှေစောင်းတော်အဖွဲ့နှင့် တွဲဖက်၍ ဓမ္မပူဇာတေးများဖြင့် လည်းကောင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)